# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက် | ၂၀၂၃ ခုနှစ်၊ ဧပြီ ၅ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ်(၁၈၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



**မော်ကွန်းအသစ် ထုဆစ်ခဲ့ပြီ အောင်စစ်သည်**

ဆောင်းပါး စာ - ၆



အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ (၁/၂၀၂၃) အစည်းအဝေးတွင် တက်ရောက်အမှာစကားပြောကြားစဉ်။

# မိမိတို့နိုင်ငံတွင် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင် စသည့်အဓိကမြစ်ကြီး လေးစင်းရှိ မြစ်ကြီးများမှ စိုက်ပျိုးရေ၊ သုံးရေ၊ သောက်ရေအတွက်လိုအပ်သည့် ရေများရရှိရေးနည်းလမ်းများရှာဖွေ

နေပြည်တော် ဧပြီ ၄

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ (၁/၂၀၂၃) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❁

# ရေချိုအရင်းအမြစ် မြစ်ချောင်းများ သန့်ရှင်းစင်ကြယ်စွာ ထာဝရတည်တံ့ရေး

ကမ္ဘာတစ်ခွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှု အရှိန်မြင့်တက်နေစဉ်ကာလ ကမ္ဘာ့နိုင်ငံများစွာတို့တွင် တံခါးပိတ်စနစ်ကို ကျင့်သုံး၍ လူများလှုပ်ရှားသွားလာမှုကို ကန့်သတ်ခဲ့ကြရသည်။ အဆိုပါ အစီအစဉ်သည် ကပ်ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန်ဖြစ်သော်လည်း အခြားတစ်ဖက်တွင် သဘာဝပတ်ဝန်းကျင်အပေါ်၌လည်း အကျိုးသက်ရောက်မှုဖြစ်ပေါ်ခဲ့သည်။ အဓိကအကျိုးသက်ရောက်မှုမှာ လူများငြိမ်သက်သွားခြင်းကြောင့် သဘာဝတရားကြီးက သန့်ရှင်းကြည်လင်စွာ နိုးထလာခဲ့ခြင်းပင်ဖြစ်သည်။

မျက်မှောက်ကာလ ကမ္ဘာပေါ်ရှိ ရေထု၊ မြေထု၊ လေထု ညစ်ညမ်းမှု၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်ယွင်းမှု၊ ဂေဟစနစ်များ ပျက်စီးမှု၊ ဇီဝမျိုးစုံမျိုးကွဲများ ပြုန်းတီးမှုတို့ အားလုံး၏ လက်သည်မှာ လူပင်ဖြစ်သည်။ သို့ရာတွင် လူ့ပယောဂကြောင့် ဖြစ်ပေါ်လာသည့် ညစ်ညမ်းမှု၊ ပျက်စီးပြုန်းတီးမှုတို့၏ ဆိုးကျိုးများကို ပြန်၍ခံစားကြရမည့်သူများမှာလည်း လူသားများပင်ဖြစ်သည်။ မိမိတို့ မြန်မာနိုင်ငံ၏ အိမ်နီးချင်းဖြစ်သော အိန္ဒိယနိုင်ငံတွင် ဂင်္ဂါမြစ်သည် နိုင်ငံ၏အဓိကမြစ်ကြီးဖြစ်ပြီး လွန်ခဲ့သော ရာစုနှစ်ဝက်ခန့်က မြစ်ရေကို သောက်သုံး၍ရခဲ့သည်။ ထိုစဉ်က ဂင်္ဂါမြစ်ရေသည် မြစ်ကြမ်းပြင်သို့ပင် မြင်နိုင်သည်အထိ ကြည်လင်နေခဲ့ပြီး မြစ်ကြောင်းတစ်လျှောက် မြို့ ရွာများမှ လူသန်းပေါင်း ၄၀၀ ခန့်က သောက်သုံးရေအတွက် မြစ်ကိုအမှီပြုခဲ့ကြရသည် ဟုဆိုသည်။

သို့ရာတွင် မြို့ ရွာများဖွံ့ဖြိုးတိုးတက်လာခြင်း၊ စက်မှုလုပ်ငန်းများ ထွန်းကားလာခြင်း၊ လူနေထူထပ်များပြားလာခြင်းတို့၏ အကျိုးဆက်အဖြစ် ဂင်္ဂါမြစ်ရေမှာ ညစ်ညမ်းလာခဲ့သည်။ ဓလေ့ထုံးတမ်းအစဉ်အလာအရ ဈာပနအခမ်းအနားများကို မြစ်ကမ်းပါးတွင် ကျင်းပ၍ မြစ်အတွင်းသင်္ဂြိုဟ်ခဲ့ကြပြီး ရာနှင့်ချီသောမြို့များမှ မိလ္လာနှင့် ရေဆိုးများ၊ စက်မှုလက်မှုလုပ်ငန်းများစွာတို့မှ ဓာတုအညစ်အကြေးများ၊ စွန့်ပစ်အမှိုက်များ တန်ချိန်ပေါင်းများစွာတို့ကို ဂင်္ဂါမြစ်အတွင်းသို့ စီးဝင်စေခဲ့၊ စွန့်ပစ်ခဲ့ကြသည်။ တစ်ချိန်ကမြစ်ကြီးကို မိခင်နှင့်တင်စားကာ 'ဂင်္ဂါမာတာ' ဟူ၍ အလေးအမြတ်ပြုခဲ့ကြသော်လည်း စည်းကမ်းမဲ့လာသည့်အခါတွင် မြစ်ရေမှာ ညစ်ညမ်းလာခဲ့ပြီး သောက်သုံး၍မရနိုင်တော့။ မြစ်အတွင်းမှ ဖမ်းမိသည့် ငါးများသည်ပင် စားသုံးရန် အန္တရာယ်ရှိသည့် အဆင့်သို့ရောက်ရှိလာသည်။ စွန့်ပစ်အမှိုက်များကြောင့် လွန်စွာအရုပ်ဆိုးအကျည်းတန်နေသည့် မြစ်ကြီးသည် ကမ္ဘာလှည့်ခရီးသွားတို့ကို ဆွဲဆောင်သည်ထက် အမျိုးသားဂုဏ်သိက္ခာအတွက် ရှက်ဖွယ်ရာ အခြေအနေသို့ ရောက်ခဲ့ရကြောင်း မီဒီယာများက ဖော်ပြခဲ့ကြသည်။ အိန္ဒိယနိုင်ငံ၏ အဆိုပါအတွေ့အကြုံသည် မိမိတို့နိုင်ငံအဖို့လည်း သင်ခန်းစာယူဖွယ်ရာဖြစ်သည်။

မိမိတို့နိုင်ငံတွင် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်ဟူသော အဓိကမြစ်ကြီး (၄) သွယ်နှင့်အတူ အဖိုးတန်ရေအရင်းအမြစ်ဖြစ်သည့် မြစ်၊ ချောင်းများစွာတို့ တည်ရှိနေရာ နိုင်ငံသူနိုင်ငံသားတိုင်းက အလေးအနက် တန်ဖိုးထားကြရန်လိုသည်။ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ (၁/၂၀၂၃) အစည်းအဝေးတွင် နိုင်ငံတော်အကြီးအကဲက "ရေချိုအရင်းအမြစ်များကို စနစ်တကျ စီမံခန့်ခွဲနိုင်ရန်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးနေစေရန်၊ ရေဝေရေလဲဒေသ သစ်တောများ ထိန်းသိမ်းရန်နှင့် ရေထုညစ်ညမ်းမှုမရှိစေရေးတို့ကိုလည်း ထိရောက်စွာဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း" ထည့်သွင်းမှာကြားခဲ့ရာ နိုင်ငံနှင့် နိုင်ငံသူ နိုင်ငံသားအားလုံးတို့အတွက် မရှိမဖြစ်သော ရေချိုအရင်းအမြစ်များကို သန့်ရှင်းစင်ကြယ်စွာဖြင့် အနာဂတ်ကာလများသို့တိုင် ထာဝရတည်တံ့စေရေး လူတိုင်းကိုယ်စီ အသိတရားဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရပါမည့်အကြောင်း။ ။

THE SUPREME COURT of THE UNION

သတင်းထုတ်ပြန်ချက်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၂ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ခြင်း

**နေပြည်တော် မေ ၅**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ ၂၀၂၂ ခုနှစ်၊ တရားရုံးနှစ်စဉ်အစီရင်ခံစာ စာအုပ်ကို (အင်္ဂလိပ်/ မြန်မာ) နှစ်ဘာသာဖြင့် ၂၀၂၃ ခုနှစ်၊ မေ ၅ ရက်တွင် ထုတ်ပြန်သည်။ ယင်းအစီရင်ခံစာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ website ဖြစ်သည့် http://www.unionsupremecourt.gov.mm တွင်လည်း လွှင့်တင်ဖော်ပြထားသည်။




ပြည်ထောင်စု တရားလွှတ်တော်ချုပ် အပါအဝင် တရားရုံးအဆင့်ဆင့်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အများပြည်သူ သိရှိစေရန် တရားရုံး နှစ်စဉ်အစီရင်ခံစာများကို ၂၀၁၆ ခုနှစ်မှစတင်၍ နှစ်စဉ်ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်များမှာ တရားစီရင်ရေး လုပ်ငန်းများ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှု ရှိစေရန်၊ တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်၊ တရားရုံးများအနေဖြင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်နှင့် တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများကို အများသိရှိစေရန်ဖြစ်သည်။

၂၀၂၂ ခုနှစ်၊ တရားရုံးနှစ်စဉ် အစီရင်ခံစာကို ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ၊ တရားရုံးအသုံးပြုသူများသာမက အများပြည်သူအလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရန် တရားရုံးစနစ်နှင့် စီမံခန့်ခွဲမှု၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း အလေးပေးဖော်ပြလိုသည့် ဆောင်ရွက်ချက်များနှင့် အတူ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြိုးပမ်းဆောင်ရွက်မှုများ၊ တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်မှုများနှင့် တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း ပဉ္စမနှစ် လုပ်ငန်းအစီအစဉ် (၂၀၂၂) အကောင်အထည်ဖော် ဆောင်ရွက်မှုများဟူ၍ အပိုင်း (၄) ပိုင်း ခွဲခြား၍လည်းကောင်း၊ နောက်ဆက်တွဲများ၊ ပုံပြကားချပ်များဖြင့်လည်းကောင်း ပြုစုထားပါသည်။ တရားရုံးနှစ်စဉ်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဝေဖန်အကြံပြုလိုပါက တရားရုံးနှစ်စဉ် အစီရင်ခံစာပြုစုရေးလုပ်ငန်းအဖွဲ့၏ အီးမေးလ် annualreport.ousc@usc.gov.mm သို့ ပေးပို့နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## အခမဲ့ သုံးစွဲခွင့်ပြုပါရန် မူပိုင်ခွင့်ရှိသူများထံ မေတ္တာရပ်ခံပန်ကြားခြင်း

မြန်မာတစ်မျိုးသားလုံး အလေးအမြတ်ထားပြီး ပျော်ရွှင်စွာဆင်နွှဲကြသည့် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကာလကို ယခင်နှစ်များနည်းတူ ၂၀၂၃ ခုနှစ်တွင်လည်း မြန်မာ့ရိုးရာ အစဉ်အလာများနှင့်အညီ ဆင်နွှဲသွားမည်ဖြစ်ပါသည်။ ထိုသို့ဆင်နွှဲရာတွင် ဖျော်ဖြေမှုအနေဖြင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ/ ဝန်ကြီးဌာနများအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ဌာနဆိုင်ရာများသည် မဟာသင်္ကြန် တေးသီချင်းများကို ဖျော်ဖြေသီဆိုမှုများ၊ တင်ဆက်ကပြမှုများကို ပြုလုပ်သွားမည်ဖြစ်ပါသည်။ ထိုသို့ နိုင်ငံတော်အစိုးရကိုယ်စားပြုလုပ်သည့် မြို့တော်ဝန်မဏ္ဍပ်များနှင့် ယခုနှစ်မှ နေပြည်တော်တွင် စတင်ပြုလုပ်မည့် လမ်းလျှောက်သင်္ကြန် မဏ္ဍပ်များတွင် သင်္ကြန်နှင့်သက်ဆိုင်သော တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက အများပြည်သူသို့ အခမဲ့ ထုတ်လွှင့်ပြသသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ စီးပွားရေး အကျိုးအမြတ်အတွက်မဟုတ်ဘဲ အများပြည်သူ ဖျော်ဖြေရေးအတွက် ရည်ရွယ်ဆောင်ရွက်သော အထက်ပါနေရာများ၌ သီဆိုဖျော်ဖြေခြင်း၊ ထုတ်လွှင့်ဖော်ပြခြင်းများတွင် ပါဝင်သည့် တေးသီချင်းများအား မေတ္တာဖြင့် အခမဲ့သုံးစွဲခွင့်ပြုနိုင်ပါရန် မူပိုင်ခွင့်ရှိသည့် ပညာရှင်ကြီးများကို လေးစားစွာ မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

ထိုသို့ အသုံးပြုခွင့်ပေးသည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက သက်ဆိုင်သည့် မူပိုင်ခွင့်ရှိသူ ပုဂ္ဂိုလ်တစ်ဦးချင်းစီအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မေ ၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"KKO (ခွဲထွက်) အဖွဲ့နှင့် NUG ၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက မြဝတီကုန်သွယ်ရေးဇုန်အား လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် နိုင်ငံ့ဝန်ထမ်းတစ်ဦးနှင့် အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံးမှု"** ခေါင်းစဉ်ဖြင့် မေ ၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ရွှေဘိုမြို့ အဝေးပြေးကားကွင်းအနီး PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရလက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် အပြစ်မဲ့ပြည်သူ တစ်ဦး သေဆုံးပြီး ကလေးငယ်အပါအဝင် ပြည်သူအများအပြား ထိခိုက်ဒဏ်ရာရရှိမှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၄**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

❁ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကော်မတီဝင်ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ကော်မတီအတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် မြို့တော်ဝန်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ယခုအစည်းအဝေးကို နိုင်ငံတစ်ဝန်းလုံးရှိ ရေအရင်းအမြစ်များ နှစ်ရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး၊ ရေနှင့် ဆက်နွှယ်သည့် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်စေရေး၊ ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုများ အားကောင်းလာစေရေးနှင့် ရေအရင်းအမြစ်များကို ထိထိရောက်ရောက် အကျိုးရှိရှိ အသုံးချနိုင်စေရေးအတွက် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ရန်၊ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး အလျင်အမြန်ဖြင့် ထိရောက်မှုရှိအောင် အကောင်အထည်ဖော်ကြစေရေး လိုအပ်သည်များကို မှာကြားလိုခြင်းကြောင့် ကျင်းပခြင်းဖြစ်ပါကြောင်း။

## တွင်တွင်ကျယ်ကျယ်အသုံးပြု

**“ရေ”** ဆိုသည်မှာ မိမိတို့သက်ရှိလောကနှင့် လူ့ပတ်ဝန်းကျင်အတွက် သဘာဝတရား၏ အကောင်းဆုံးလက်ဆောင်မွန်ဟု ဆိုနိုင်ပါကြောင်း၊ လူပုဂ္ဂိုလ်တစ်ဦးအနေဖြင့် မနက်အိပ်ရာထကစပြီး **“ရေ”** ကို အသုံးပြုရပါကြောင်း၊ လူများစားသုံးသည့် ဆန်စပါးကအစ အမျိုးမျိုးသော စိုက်ပျိုးသီးနှံများ ထုတ်လုပ်ရာတွင်လည်း **“ရေ”** သည်အဓိက လိုအပ်ချက်ပင်ဖြစ်ပါကြောင်း၊ ထို့ပြင်ယနေ့ခေတ် လူမှုဘဝတွင် အရေးပါလှသည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင်လည်း **“ရေအားလျှပ်စစ် ထုတ်လုပ်ခြင်းကဏ္ဍ ”** သည် ကုန်ကျစရိတ် များစွာသက်သာပြီး ပြန်လည်ရရှိနိုင်သောစွမ်းအင် (Renewable Energy) ဖြစ်သည့်အားလျော်စွာ ကမ္ဘာတစ်ဝန်း၌ တွင်တွင်ကျယ်ကျယ် အသုံးပြုလျက်ရှိပါကြောင်း၊ သယ်ယူပို့ဆောင်ရေးအခန်းကဏ္ဍတွင်လည်း မြစ်ချောင်းများမှ အစပြုပြီး ပင်လယ်သမုဒ္ဒရာများတွင်ပါ လှေ၊ သင်္ဘောများဖြင့် ခရီးသွားလာပို့ဆောင်မှုများ၊ ကုန်သွယ်မှုများပြုလုပ်ခဲ့ကြသည်မှာ မြို့ပြယဉ်ကျေးမှုများ အစပြုသည့် ခေတ်မှစပြီး ယနေ့ခေတ်တိုင်အောင်ပင် ဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် **“ရေနှင့် မြေ”** သည် အဓိကအရင်းအမြစ်ဖြစ်ပြီး ရေနှင့်မြေကို အကျိုးရှိထိရောက်စွာ အလေးအနက်ထား လုပ်ဆောင်ခြင်းသည် နိုင်ငံသာယာဝပြောရေး၏ အဓိက အရင်းအနှီးဖြစ်ပါကြောင်း၊ **“ရေကိုရင်းနှီး ပြည်ကြီးသာယာ”** ဆိုသကဲ့သို့ ယနေ့ ကမ္ဘာ့နိုင်ငံတိုင်းက ရေဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းရန် ကြိုးပမ်းနေကြပြီး နိုင်ငံသာယာဝပြောရေးကို ဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

## စနစ်တကျထိန်းသိမ်းအသုံးပြု

ရေသည် အလွန်အဖိုးတန်သည့် အရင်းအမြစ်ဖြစ်ပြီး နောင်လာနောက်သား အဆက်ဆက်လူသားများအပါအဝင် သက်ရှိသတ္တဝါများရှိနေသမျှ ကာလပတ်လုံး ရေရှည်သုံးစွဲသွားကြရမည်ဖြစ်သည့်အတွက် ရေအရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းအသုံးပြုသွားကြရန် လိုအပ်ပြီး လူတိုင်းရေရရှိရေးအတွက် ဝိုင်းဝန်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

## ရေရှားပါးသည့်ပြဿနာများ ပိုမိုတွေ့ကြုံ

ယနေ့ခေတ်တွင် ရာသီဥတုပြောင်းလဲမှု၏အကျိုးဆက်ကြောင့် ကမ္ဘာတစ်ဝန်းတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ နွေရာသီတွင် အပူချိန်လွန်ကဲစွာ မြင့်တက်မှုဖြစ်ပေါ်ခြင်း၊ အဖျက်စွမ်းအားကြီးမားသည့် ဆိုင်ကလုန်းမုန်တိုင်းများ တိုက်ခတ်ခြင်းစသည့် ပြင်းထန်သော သဘာဝဘေးအန္တရာယ်များနှင့် ဆိုးကျိုး သက်ရောက်မှုများကို ပိုမိုတွေ့ကြုံခံစားနေရပါကြောင်း၊ ကမ္ဘာ့နေရာအနှံ့အပြားတွင် ရေကြီးရေလျှံမှု သဘာဝဘေးအန္တရာယ်များနှင့် နွေရာသီတွင် ရေရှားပါးသည့် ပြဿနာများကို ပိုမိုတွေ့ကြုံလာရသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း။

၂၀၂၂ ခုနှစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ လေ့လာမှုများအရ နှစ်စဉ်လူပေါင်း ၁ ဒသမ ၄ သန်းသည် မသန့်ရှင်းသော ရေကြောင့်ဖြစ်ပေါ်သည့် ရောဂါများနှင့် မိလ္လာမသန့်ရှင်းမှုများကြောင့် သေဆုံးနေကြရပြီး လူဦးရေ ၇၄ သန်းသည် တဖြည်းဖြည်းနှင့် သက်တမ်းတိုတောင်းလာသည်ကို တွေ့ရပါကြောင်း၊ ၂၀၁၁ ခုနှစ် WHO နှင့် UNICEF စာရင်းများအရ ကမ္ဘာ့နေရာ အနှံ့အပြားတွင် လူဦးရေသန်း ၂၀၀၀ ခန့်သည် လုံခြုံဘေးကင်းသည့် သောက်သုံးရေ မရရှိသေးပါကြောင်း၊ ထို့ပြင် ကမ္ဘာ့လူဦးရေ၏ တစ်ဝက်နီးပါးဖြစ်သည့် သန်း ၃၆၀၀ သည် သန့်ရှင်းသည့် မိလ္လာစနစ်မရှိသေးကြောင်း စစ်တမ်းများတွင် ဖော်ပြထားသည်ကို တွေ့ရပါကြောင်း။

## ရေအရင်းအမြစ်ကြွယ်ဝချမ်းသာ

မိမိတို့နိုင်ငံတွင် သဘာဝမြစ်ချောင်းအင်းအိုင်များ ပေါများသည့်အတွက် နှစ်စဉ်မြစ်ချောင်းများမှ ရေကောင်းရေသန့် ရရှိနိုင်သည့် ပမာဏသည် အာဆီယံနိုင်ငံများထဲတွင် အင်ဒိုနီးရှားနိုင်ငံပြီးပါက ဒုတိယအများဆုံးဖြစ်ပါကြောင်း၊ အာရှတိုက်အတွင်းရှိ နိုင်ငံများအနေဖြင့် နှိုင်းယှဉ်လိုက်ပါက ၂၀၁၁ ခုနှစ် မှတ်တမ်းများအရ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်ပြီးရင် ပဉ္စမအဆင့်ရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ အဆိုပါအချက်ကို ကြည့်ခြင်းအားဖြင့် မိမိတို့နိုင်ငံသည် ရေအရင်းအမြစ် ကြွယ်ဝချမ်းသာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

မိမိတို့ မြန်မာနိုင်ငံရှိ မြစ်ကြီးလေးသွယ်အပါအဝင် မြစ်ချောင်းကွန်ရက်များကနေ နှစ်စဉ်ရေချို ဧကပေသန်း ၈၀၀ ကျော် စီးဆင်းလျက်ရှိနေသော်လည်း စီးဆင်းနေသည့် ရေချိုပမာဏ၏ (၅) ရာခိုင်နှုန်းခန့်ကိုသာ စိုက်ပျိုးရေ၊ အိမ်သုံးရေနှင့် စက်မှုသုံးရေအဖြစ် သုံးစွဲနိုင်သေးသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် ရေအရင်းအမြစ်များကို အခြေခံသည့် စီးပွားရေး ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် အလားအလာကောင်းများ ရှိနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ရေချိုအရင်းအမြစ်များကို စနစ်တကျ စီမံခန့်ခွဲနိုင်ရန်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးနေစေရန်၊ ရေဝေရေလဲဒေသသစ်တောများ ထိန်းသိမ်းရန်နှင့် ရေထုညစ်ညမ်းမှုမရှိစေရေးတို့ကိုလည်း ထိရောက်စွာ ဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း။

## ကြိုးကြပ်ဆောင်ရွက်သွားရမည်

မိမိတို့ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီအနေဖြင့် ရေကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် မူဝါဒများချမှတ်ရေး၊ မြို့ပြနှင့် ကျေးလက်ဒေသတွင် သောက်သုံးရေနှင့် စိုက်ပျိုးရေ လုံလောက်စွာရရှိရေး၊ စက်မှုလုပ်ငန်းများအတွက် သုံးစွဲရန်လိုအပ်သည့် ရေချိုရရှိရေး၊ မြစ်ချောင်းများအတွင်း အမှိုက်စွန့်ပစ်မှုမရှိစေရေး၊ မြစ်ချောင်းများအတွင်းကို စီးဝင်မည့်စွန့်ပစ်ရေများကို စနစ်တကျ သန့်စင်ပြုပြင်ပြီးမှသာ စွန့်ပစ်စေရေးတို့အတွက် ကြီးကြပ်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

## အားသွန်ခွန်စိုက် ဝိုင်းဝန်းပါဝင်

ကမ္ဘာပေါ်တွင်ရှိသည့် နိုင်ငံတိုင်းက မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်မပြတ်ကြိုးပမ်းနေကြသကဲ့သို့ မိမိတို့နိုင်ငံကလည်း ရေကဏ္ဍအပါအဝင် ကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်ရန် ဆက်လက်ကြိုးပမ်းအားထုတ်နေကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရေကဏ္ဍ ဖွံ့ဖြိုးစေရေးအတွက် မိမိတို့ကော်မတီ၏ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် တိုင်းရင်းသားပြည်သူများအတွက် ပိုမိုအကျိုးရှိစေမည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကော်မတီဝင်များအားလုံးက အားသွန်ခွန်စိုက် ဝိုင်းဝန်းပါဝင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် ကော်မတီ၏လှုပ်ရှားမှုအဖြစ် **“ကမ္ဘာ့ရေနေ့ ၂၀၂၃”** အထိမ်းအမှတ်အခမ်းအနားနှင့် ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများကို ပြီးခဲ့သည့် မတ် ၂၂ ရက်က နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-2)တွင် ကျယ်ကျယ်ပြန့်ပြန့်နှင့် အဓိပ္ပာယ် ပြည့်ပြည့်ဝဝ ကျင်းပနိုင်ခဲ့ပါကြောင်း၊ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများထဲမှ အဓိက Key Messages များအရ မိမိတို့နိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုနှင့် လူဦးရေတိုးပွားလာမှုများကြောင့် ရေချိုအရင်းအမြစ်များ ပိုမိုလိုအပ်လာသဖြင့် ပိုမိုရှာဖွေရန် လိုအပ်လာသည်ဟု သိရပါကြောင်း။

## အောင်မြင်စွာဖော်ဆောင်

ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးတွင် မိမိတို့ကော်မတီအနေဖြင့် ပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် ကြုံတွေ့နေရသည့် ရေအခက်အခဲများ မည်ကဲ့သို့ ဝိုင်းဝန်းကူညီဖြေရှင်းပေးနိုင်မည်ဆိုသည့် အခြေအနေများ ဆွေးနွေးကြရန်နှင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးကြရန်နှင့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးရှိစေမည့် ရေကဏ္ဍ ဖွံ့ဖြိုးစေရေး၊ ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုများ စနစ်တကျလုပ်ဆောင်စေရေး၊ နိုင်ငံတကာနှင့် ရေဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ထိရောက်အောင်မြင်စွာ ဖော်ဆောင်နိုင်ရေးတို့အတွက် ရှေ့သို့ ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ ဒုတိယဥက္ကဋ္ဌက အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဖွဲ့စည်းဆောင်ရွက်မှု၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များ ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ကော်မတီအတွင်းရေးမှူးက ကော်မတီ၏ ရေဆိုင်ရာလှုပ်ရှားဆောင်ရွက်မှု၊ ရေရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ရှေ့လုပ်ငန်းစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ မြို့တော်ဝန်များက ရေနှင့်ဆက်နွှယ်သည့် လုပ်ငန်းဆောင်ရွက်ချက်များ၊ ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ ရေအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ ရေအရည်အသွေး စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ သောက်သုံးရေနှင့်၊ စိုက်ပျိုးရေများ ပေးဝေလျက်ရှိသည့်အခြေအနေများ၊ ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။ *စာမျက်နှာ ၄ သို့*

**“ ရေသည် အလွန်အဖိုးတန်သည့် အရင်းအမြစ်ဖြစ်ပြီး နောင်လာနောက်သား အဆက်ဆက် လူသားများအပါအဝင် သက်ရှိသတ္တဝါများရှိနေသမျှ ကာလပတ်လုံး ရေရှည်သုံးစွဲသွားကြရမည်ဖြစ်သည့်အတွက် ရေအရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းအသုံးပြုသွားကြရန် လိုအပ်ပြီး လူတိုင်းရေရရှိရေးအတွက် ဝိုင်းဝန်း ဆောင်ရွက်ကြရမည်ဖြစ် ”**

**“ မိမိတို့ မြန်မာနိုင်ငံရှိ မြစ်ကြီးလေးသွယ်အပါအဝင် မြစ်ချောင်း ကွန်ရက်များကနေ နှစ်စဉ်ရေချို ဧက ပေသန်း ၈၀၀ ကျော် စီးဆင်းလျက်ရှိနေသော်လည်း စီးဆင်းနေသည့် ရေချိုပမာဏ၏ (၅) ရာခိုင်နှုန်းခန့်ကိုသာ စိုက်ပျိုးရေ၊ အိမ်သုံးရေနှင့် စက်မှုသုံးရေအဖြစ် သုံးစွဲနိုင်သေးသည်ကို တွေ့ရ၊ ထို့ကြောင့် ရေအရင်းအမြစ်များကို အခြေခံသည့် စီးပွားရေးရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် အလားအလာကောင်းများ ရှိနေသည်ကို တွေ့ရမည် ”**

- **အဓိက မြစ်ကြီးလေးသွယ်ဖြစ်သည့် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်မြစ်များ၏ ဝဲယာများတွင် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်စီမံကိန်းများကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်၍ သီးထပ်စွမ်းအား တိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ နွေ၊ မိုး၊ ဆောင်း ကာလသုံးပါးတွင် အဟောသိကံစီးဆင်းနေသည့် မြစ်ရေများကို သင့်တော်သည့် ရေထိန်းတမံစနစ်များဖြင့် ဒွန်တွဲအကျိုးပြုသည့်အစီအမံများ ပြုလုပ်ရန် စီစဉ်ဆောင်ရွက်**
- **ယခုနှစ်ရေနည်းကာလတွင် ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်သလောက်သာ ဆောင်ရွက်ကြရခြင်းကြောင့် နောင်နှစ်ရေနည်းကာလအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ယခုအချိန်ကတည်းက စတင်လုပ်ဆောင်ကြရမည်ဖြစ်၊ သို့မှသာ စိုက်ကေတိုးချဲ့စရာမလိုဘဲ နှစ်သီး၊ သုံးသီးစိုက်ပျိုးနိုင်ပြီး အထွက်တိုးစေမည်ဖြစ်သည့်အတွက် ရေရရှိရေးလုပ်ငန်းများကို ကြိုတင်ပြင်ဆင်ထားရမည်**

*စာမျက်နှာ ၃ မှ*

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်မှာကြားရာတွင် ရေကိုအသုံးချနိုင်ရန်အတွက် ရေရရှိရေး ဆောင်ရွက်ရန်လိုကြောင်း၊ ရေလုံလောက်စွာရရှိရေးကြိုးပမ်းဆောင်ရွက်ရာတွင် မိုးရွာသွန်းမှုမှ ရရှိသည့်ရေများကို စုဆောင်းခြင်းနှင့် မြစ်ရေတင်လုပ်ငန်းများဖြင့် ဆောင်ရွက်၍ရကြောင်း၊ ရေကိုလုံလောက်စွာရရှိစေရေးအတွက် ရေကိုစုဆောင်းသည့် အလေ့အကျင့်ကောင်းများရှိရန်လိုကြောင်း၊ အလားတူ စုဆောင်းထားသည့် ရေများကိုလည်း စိုက်ပျိုးရေးလုပ်ငန်းများနှင့် သောက်သုံးရေသုံးစွဲမှုများတွင် အကျိုးရှိစွာ အသုံးချနိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင် စသည့်အဓိကမြစ်ကြီး လေးစင်းရှိကြောင်း၊ အဆိုပါမြစ်ကြီးများမှရေများကို အကျိုးရှိစွာ အသုံးချနိုင်ရန်လိုကြောင်း၊ အဆိုပါမြစ်ကြီးများမှ စိုက်ပျိုးရေ၊ သုံးရေ၊ သောက်ရေအတွက် လိုအပ်သည့် ရေများရရှိရေးနည်းလမ်းများ ရှာဖွေဆောင်ရွက်ရန်လိုကြောင်း၊ အဓိကကျသည့် မြစ်ကြီး လေးစင်းမှ ရေများကို အကျိုးရှိစွာအသုံးချနိုင်ရေး တာဝန်ရှိသည့် ဌာနများအနေဖြင့် နည်းလမ်းရှာဖွေ ဆောင်ရွက်ရန် လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယနေ့အစည်းအဝေးတွင် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအလိုက် ဆောင်ရွက်နေကြသည့် ရေဆိုင်ရာလုပ်ငန်းများ၊ ရေနှင့်ဆက်နွှယ်သည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်ကို တွေ့ရပါကြောင်း။

ဆွေးနွေးချက်များနှင့် အကြံပြုချက်များသည် မိမိတို့နိုင်ငံ၏ ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ၊ ရေနှင့် ဆက်နွှယ်သည့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများတွင် များစွာအထောက်အကူဖြစ်စေမည် ဖြစ်ပါကြောင်း။

**ထည့်သွင်းစဉ်းစားလုပ်ဆောင်**

ရေအရင်းအမြစ်များ လျော့နည်းလာခြင်းသည် လူသားများနှင့် သက်ရှိသတ္တဝါအားလုံးအတွက် အသက်ရှင်သန်နေထိုင်ရေးနှင့် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့်အပြင် နောက်ဆက်တွဲဖြစ်သည့် စား၊ ဝတ်၊ နေ၊ ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးအပါအဝင် လူမှုစီးပွားဘဝများကို ဆိုးကျိုးသက်ရောက်စေမည် ဖြစ်ပါကြောင်း၊ ရေအရင်းအမြစ် ရှားပါးလျော့နည်းလာခြင်းသည်သဘာဝပတ်ဝန်းကျင် ဆုံးရှုံးပျက်စီးမှုများနှင့် ရာသီဥတုပြောင်းလဲမှုကို အခြေခံခြင်းဖြစ်သဖြင့် သဘာဝပတ်ဝန်းကျင်၊ တောတောင်ရေမြေများ စိမ်းလန်းစိုပြည်ရေးနှင့် သစ်တောသစ်ပင်များ ထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးထိခိုက်မှုမရှိအောင် ရေရှည်ကာကွယ်ထိန်းသိမ်းရေးတို့ကို ထည့်သွင်းစဉ်းစား လုပ်ဆောင်ကြရန်လိုပါကြောင်း။

ထို့ပြင် ရေနည်းကာလရေရရှိရေး ရေတိုရေရှည် စီမံကိန်းများကို အချို့တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် ဆောင်ရွက်နေကြသည်ကို တွေ့ရပါကြောင်း၊ အဓိက မြစ်ကြီးလေးသွယ်ဖြစ်သည့် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်မြစ်များ၏ ဝဲယာများတွင် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်စီမံကိန်းများကို အလေးထား အကောင်အထည်ဖော်ဆောင်ရွက်၍ သီးထပ်စွမ်းအား တိုးတက်အောင်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ နွေ၊ မိုး၊ ဆောင်း ကာလသုံးပါးတွင် အဟောသိကံစီးဆင်းနေသည့် မြစ်ရေများကို သင့်တော်သည့် ရေထိန်းတမံစနစ်များဖြင့် ဒွန်တွဲအကျိုးပြုသည့်အစီအမံများ ပြုလုပ်ရန် စီစဉ်ဆောင်ရွက်သင့်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ပေးနေခြင်းကြောင့် စိုက်ပျိုးမြေများတွင် ရေပိုမိုရရှိပြီး သီးထပ်သီးညှပ် စိုက်ပျိုးဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ယခုနှစ်ရေနည်းကာလတွင် ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်သလောက်သာ ဆောင်ရွက်ကြရခြင်းကြောင့် နောင်နှစ်ရေနည်းကာလအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ယခုအချိန်ကတည်းက စတင်လုပ်ဆောင်ကြရမည် ဖြစ်ပါကြောင်း၊ သို့မှသာ စိုက်ကေတိုးချဲ့စရာမလိုဘဲ နှစ်သီး၊ သုံးသီးစိုက်ပျိုးနိုင်ပြီး အထွက်တိုးစေမည်ဖြစ်သည့်အတွက် ရေရရှိရေးလုပ်ငန်းများကို ကြိုတင်ပြင်ဆင်ထားရမည် ဖြစ်ပါကြောင်း။

**စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်လာမည်**

ယခင်က သီးနှံများစိုက်ပျိုးရာတွင် မုတ်သုံအဝင် မိုးရေကိုစောင့်ဆိုင်းပြီး စိုက်ပျိုးရေအဖြစ် စတင်အသုံးပြုစိုက်ပျိုးခဲ့ကြပါကြောင်း၊ သီးနှံပုံစံ (Cropping Pattern)ကို ရှေ့သို့တိုးပြီး ယခင်ကထက် အချိန်စောပြီး စိုက်ပျိုးဆောင်ရွက်နိုင်ရန်အတွက် မြေအောက်ရေကို စိုက်ပျိုးရေအဖြစ်ရယူပြီး စိုက်ပျိုးကာ မိုးရေကို သီးနှံအောင်မြင်ရေးအတွက် အောင်ရေအဖြစ် ဆက်လက်အသုံးပြုသွားမည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်လာမည်ဖြစ်သဖြင့် စီမံဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကိုအဓိကထားသည့် ကုန်ထုတ်လုပ်မှုများကိုဆောင်ရွက်သည့် နိုင်ငံဖြစ်ခြင်းကြောင့် အလေးထားမှာကြားရခြင်းဖြစ်ကြောင်း။

**ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

နိုင်ငံတော်က ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးဆောင်ရွက်လျက်ရှိရာတွင် မိမိတို့ကော်မတီအနေဖြင့် ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေနှင့်ဆက်နွှယ်သည့်ကော်မတီ၏ လုပ်ငန်းတာဝန်များကို အောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီဝင်များအားလုံး၊ သက်ဆိုင်ရာဝန်ကြီးဌာနများအားလုံးနှင့် ညှိနှိုင်းပူးပေါင်းဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ဘားအံတက္ကသိုလ်(အဝေးသင်သင်တန်း) ပထမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**ဘားအံ မေ ၄**

ဘားအံတက္ကသိုလ် အဝေးသင်သင်တန်း၏ ပထမအကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်၊ ဒက္ခိဏခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက် အမှာစကား ပြောကြားပြီး **(အောက်ပုံ)** ဘွဲ့ယူမည့်သူများနှင့် မိဘဆွေမျိုးများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထို့နောက် ဘားအံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ စိုးစိုးအေးနှင့် စီမံခန့်ခွဲရေးနှင့် ပညာရေး အဖွဲ့ဝင်များက သက်ဆိုင်ရာဝတ်ရုံများကို ဝတ်ဆင်လျက် စင်မြင့်ထက်တွင် နေရာယူကြပြီး လိုအပ်သည့် ကတိခံဝန်ချက်များ ရယူကာ ပါမောက္ခချုပ်က ဝိဇ္ဇာဘွဲ့ရသူ ၉၁၃ ဦး၊ သိပ္ပံဘွဲ့ရသူ ၂၃၇ ဦးနှင့် ဥပဒေဘွဲ့ရသူ ၂၀ စုစုပေါင်း ၁၁၇၀ အား ဘွဲ့အပ်နှင်း ချီးမြှင့်သည်။



နံနက်ပိုင်းကလည်း ဇွန် ၂၆ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် ကွန်ပျူတာ ပိုစတာပြိုင်ပွဲကို ဘားအံမြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပရာ အဆိုပါပြိုင်ပွဲများကို မူးယစ်ဆေးရန် ဒီဇိုင်းတွန်းလှန်ကြိုးစားတိုက်ဖျက်နိုင်ငံအတွက်၊ မူးယစ်ကင်းစင် ဒို့ပြည်တစ်ခွင် သာယာလှပ လူမှုဘဝ၊ ငါတို့အနာဂတ်သာယာလှပဖို့ မူးယစ်ကင်းစင်ကမ္ဘာဖန်တီးစို့၊ မျိုးဆက်သစ်များ တိုးတက်ဖို့ မူးယစ်ဆေး မှန်သမျှ တိုက်ထုတ်စို့၊ လုံခြုံစိတ်ချ ပြည်သူ့ဘဝ မူးယစ်မှန်သမျှ တိုက်ဖျက်ကြ၊ လူသားချင်းစာနာ ကျန်းမာဖို့ စိန်ခေါ်မူးယစ်တိုက်ဖျက်စို့ ဆောင်ပုဒ်များနှင့်အညီ ပြိုင်ပွဲအား ကျင်းပပြီး ပြိုင်ပွဲကျင်းပနေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၆ ဦး၊ ကာတွန်းပြိုင်ပွဲတွင် ရှစ်ဦး၊ ပိုစတာပြိုင်ပွဲတွင် ၁၂ ဦး၊ ကွန်ပျူတာပိုစတာ ပြိုင်ပွဲတွင် နှစ်ဦး စုစုပေါင်း ၄၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး ဆုရရှိသူများအား အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဂုဏ်ပြုဆုများ ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း**

**(ပြန်/ဆက်)**

# ပူတာအိုခရိုင်ရှိ ဘာသာရေးဆိုင်ရာ ကျောင်းများသို့ ဆွမ်းဆန်နှင့် ရိက္ခာပစ္စည်းများလှူဒါန်း

**ပူတာအို မေ ၄**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် သံဃာတော်များ ဆွမ်း အခက်အခဲမရှိစေရန်အတွက် ဆွမ်းဆန်တော်နှင့် ရိက္ခာပစ္စည်းများအားလည်းကောင်း၊ ခရစ်ယာန်ဘာသာရေးဆိုင်ရာကျောင်းများတွင် လိုအပ်လျက်ရှိသည့် ဆန်နှင့်ရိက္ခာပစ္စည်းများကို မတ်လနောက်ဆုံးပတ်က ပူတာအိုခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့လှူဒါန်းရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လှူဒါန်းသော ဆွမ်းဆန်တော်နှင့် ရိက္ခာပစ္စည်းများကို ပူတာအိုခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးက ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဇော်ထွန်းနှင့် တာဝန်ရှိသူများက ပူတာအိုမြို့နယ် ပမ္မတီးကျေးရွာအုပ်စု ဝင်းလုံကျေးရွာဘုန်းကြီးကျောင်းနှင့် မကျော့ဝါကျေးရွာ ခရစ်တော်၏ အသင်းတော်ဘုရားကျောင်းသို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့အခြေစိုက် မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ်နှင့် တွေ့ဆုံ

**နေပြည်တော် ဧပြီ ၄**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့အခြေစိုက် မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ် Mr. Won Bae Dahn အား ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိခန်းမတွင် လက်ခံတွေ့ဆုံသည်။ (ယာပုံ)

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားခဲ့ပြီး မြန်မာ-ကိုရီးယား နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



# မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး



နေပြည်တော် ဧပြီ ၄

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr.Vinay Kumar နှင့်အဖွဲ့ကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမတွင် လက်ခံတွေ့ဆုံသည်။** (ဝဲပုံ)

တွေ့ဆုံစဉ် ဘင်္ဂလားပင်လယ်အော် စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ဘက်စုံပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့အစည်း Bengal Initiative for MultiSectoral Technical and Economic Coo-peration (BIMSTEC - ဘင်းစတက်) အပါအဝင် ဒေသတွင်း ပူးပေါင်း ဆောင်ရွက်မှုများတွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ၏ အခန်းကဏ္ဍ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံအကြားလယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးဆိုင်ရာ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေး၊ သုတေသနနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ၏ လယ်ယာထွက်ကုန်များ တင်သွင်းတင်ပို့ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲဝင်ကျောင်းသားများ အားကစားပြတိုက်နှင့် အမျိုးသားပြတိုက်သို့ လေ့လာ၊ ဆီမီးဖိုင်နယ်အတွက် ဆက်လက်လေ့ကျင့်

**နေပြည်တော် ဧပြီ ၄**

ယနေ့ နံနက်ပိုင်း၌ နည်းပညာနှင့် ကွန်ပျူတာ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ဦးဆောင်၍ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ နည်းပညာနှင့် ကွန်ပျူတာ တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲမှ အသင်းအုပ်ချုပ်သူ ၁၄ ဦး၊ ကျောင်းသားအားကစားသမား ၂၅၃ ဦးတို့သည် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အားကစားပြတိုက်၌ ခေတ်အဆက်ဆက် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကြီးများ ရယူခဲ့သော ဆုတံဆိပ်၊ ဆုဖလားများ၊ မြန်မာ့အားကစားသမားများပြခန်း၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မှတ်တမ်းဓာတ်ပုံများ ပြခန်းရှိ နိုင်ငံ့ ဂုဏ်ဆောင်ဆုရရှိခဲ့သူများနှင့် အားကစားနည်းအလိုက်ပြိုင်ပွဲ မှတ်တမ်းဓာတ်ပုံများ၊ ကျင်းပပြီး အာရှအားကစားပြိုင်ပွဲ၊ အရှေ့တောင် အာရှအားကစားပြိုင်ပွဲများမှ ရွှေတံဆိပ် လေးခုအထက် ရရှိခဲ့သူများ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ၏ ပုံတူရုပ်တုများကို ခင်းကျင်းပြသထားသည့် မြန်မာ့အားကစားမော်ကွန်းခန်းမတို့ကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြသည်။

**လေ့လာကြည့်ရှု**

ဆက်လက်၍ ကျောင်းသားများသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသား ပြတိုက်တွင် လက်ဆောင်ပစ္စည်းများပြခန်း၊ ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ပြခန်း၊ ပန်းချီပြခန်း၊ မြန်မာ့အနုသုခမပြခန်း၊ သမိုင်းတင် ခေတ်ဦးပြခန်း၊ သမိုင်းတင်ခေတ်ပြခန်း၊ သီဟာသနပလ္လင်ပြခန်း၊ မြန်မာ့လက်မှုအနုပညာပြခန်းနှင့် အာဆီယံပြခန်းများကို စိတ်ဝင်တစား အသေးစိတ် လေ့လာကြည့်ရှုကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ညနေပိုင်းတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျနှင့် တာဝန်ရှိသူများသည် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ၁ နှင့် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ၃ တို့တွင် ဆီမီးဖိုင်နယ်ပွဲစဉ် ကစားမည့် အသင်းများမှ လေ့ကျင့်နေမှုများကို ကြည့်ရှုပြီး (အောက်ပုံ) ကျောင်းသားအားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ နိုင်ငံတကာ တက္ကသိုလ် အသင်းများနှင့် ရင်ပေါင်တန်း ယှဉ်ပြိုင်နိုင်သည့် အသင်းများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်ထက်မြက်သော နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင်ဘောလုံးသမားများ ဖြစ်သည်အထိ ကြိုးပမ်းစွမ်းဆောင်ကြရန် တိုက်တွန်းပြောကြားကာ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# လယ်ဝေးမြို့ စမတောင်မဟာပရဟိတတွင် လျှပ်စစ်ဘေးအန္တရာယ် အသိပညာပေး

**လယ်ဝေး ဧပြီ ၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ယနေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ် စမတောင်မဟာပရဟိတတွင် လျှပ်စစ်ဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြခြင်းများကို ဆောင်ရွက်ခဲ့သည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်လဲ့လဲ့အေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လျှပ်စစ်ဘေးအန္တရာယ်အသိပညာပေးဟောပြောပွဲ ကျောင်းခန်းမတွင် ကျင်းပရာ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်ဦးက လျှပ်စစ်ဘေးအန္တရာယ်အကြောင်း သိကောင်းစရာများကို ဟောပြောပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆောင်က ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်မှုကို ဆွေးနွေးသည်။

ဆက်လက်၍ လျှပ်စစ်သရုပ်ပြဓာတ်တိုက်လေ့ကျင့်မှုအစီအစဉ်ကို နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး ကြည့်ရှုအားပေးပြီး လျှပ်စစ်ဓာတ်တိုက် လေ့ကျင့်ခန်းဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ ဆွေးနွေးပြောကြားပြီး စမတောင်ပရဟိတကျောင်းမှ ကျောင်းသားကျောင်းသူများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

**ဝေကြည်(ပြန်/ဆက်)**

# မော်ကွန်းအသစ် ထုဆစ်ခဲ့ပြီ အောင်စစ်သည်

## မောင်မျိုးအောင်(ပန်းရော)

ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြင့်မားကြီးထွားလာသည့် နိုင်ငံကြီးဖြစ်ပါသည်။ ရုရှားပြည်သူများသည် မိမိတို့နိုင်ငံတော်ကို ခေတ်မီပြီး အင်အားကြီးသော နိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E. Mr. Vladimir Vladimirovich Putin ၏ ဦးဆောင်မှုအောက်တွင် အင်တိုက်အားတိုက် တည်ဆောက်နေပေသည်။ ဤမျှကြီးမားလှသောကြိုးပမ်းအားထုတ်မှုအောက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ပညာရေးသည် အရေးပါသော အခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်ပြီး ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် အရေးပါသော အဆုံးအဖြတ်ပေးမည့် အခန်းကဏ္ဍတစ်ရပ် ဖြစ်နေပေသည်။ ပညာရေးသည် နိုင်ငံတော်၏ မူဝါဒတည်ဆောက်ရေးကို အကျိုးပြုဖော်ဆောင်ပေးပြီး နိုင်ငံတော်၏ မူဝါဒတည်ဆောက်ရေးသည်လည်း ပညာရေးအပေါ် အမှီသဟဲပြုနေ၏။ ထိုသဘောတရားကြောင့်ပင် ရုရှားနိုင်ငံသည် ပညာဗဟိုပြုသည့် နည်းပညာနယ်ပယ်တွင် ကမ္ဘာ့ထိပ်တန်းအဆင့်သို့ ရောက်ရှိလာခြင်းဖြစ်၏။ ကမ္ဘာ့ပညာရေးထိပ်တန်းအဆင့်ရှိ နိုင်ငံတစ်နိုင်ငံ၏ ချီးမြှင့်အပ်နှင်းသော ပညာဆိုင်ရာ ဘွဲ့တံဆိပ်ရရှိသူတစ်ဦးအတွက်လည်း ဂုဏ်ရည်မြင့်မားမှုဂုဏ်နှင့် ထိုက်တန်လှ၏။ အချို့အရာများမှာ သူတစ်ဦးတစ်ယောက် စွမ်းဆောင်မှုကို အကောင်းမြင်သည့် လူ့ပတ်ဝန်းကျင်တစ်ရပ်က ချီးကျူးထောမနာပြုကာ ၎င်းတို့ပညာရပ်နယ်ပယ်၌ လိုက်လျောညီသည့် ဘွဲ့တံဆိပ်တစ်မျိုးမျိုးအား စွမ်းဆောင်နိုင်သူအပေါ် ချီးမြှင့်ကြ၏။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌအား ပညာရေးထိပ်တန်းနိုင်ငံဖြစ်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ရုရှားသိပ္ပံအကယ်ဒမီ အရှေ့တိုင်းလေ့လာရေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ရုရှားသိပ္ပံအကယ်ဒမီ အရှေ့တိုင်းလေ့လာရေး အင်စတီကျူ၏ President Dr. Professor Vitaly Vyacheslavovich NAUMKIN က ပေးအပ်ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့အား လက်ခံရယူစဉ်။

> **“ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအား ပညာရေးထိပ်တန်းနိုင်ငံဖြစ်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ရုရှားသိပ္ပံအကယ်ဒမီ အရှေ့တိုင်းလေ့လာရေးအင်စတီကျူက နိုင်ငံအကြီးအကဲ၏ ရိုးသားဖြောင့်မတ်ပြီး မိမိနိုင်ငံရေရှည်အကျိုးစီးပွားအတွက် အမြော်အမြင်ကြီးစွာ စွမ်းစွမ်းတမံ ဆောင်ရွက်မှု၊ လူသားချင်းစာနာထောက်ထားမှုနယ်ပယ်အပါအဝင် ဘက်စုံပူးပေါင်းဆောင်ရွက်ရေး ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့မှုတို့ကြောင့် “ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့” ကို လက်ရောက်ချီးမြှင့်အပ်နှင်းခဲ့”**

အင်စတီကျူက နိုင်ငံအကြီးအကဲ၏ ရိုးသားဖြောင့်မတ်ပြီး မိမိနိုင်ငံရေရှည်အကျိုးစီးပွားအတွက် အမြော်အမြင်ကြီးစွာ စွမ်းစွမ်းတမံ ဆောင်ရွက်မှု၊ လူသားချင်းစာနာထောက်ထားမှုနယ်ပယ်အပါအဝင် ဘက်စုံပူးပေါင်းဆောင်ရွက်ရေး ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့မှုတို့ကြောင့် **“ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့”** ကို လက်ရောက်ချီးမြှင့်အပ်နှင်းခဲ့၏။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တစ်ဦးအတွက် သာမက နိုင်ငံတော်အတွက် ထိုက်တန်မှုရှိသည့် မင်္ဂလာသတင်းတစ်ရပ်ပင် ဖြစ်ပေသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားနိုင်ငံ Irkutsk မြို့ရှိ အမှတ်(၁၄) အခြေခံပညာအလယ်တန်းကျောင်း MBOU Zakharovkaya Secondary School Moscow အတွင်း ကြည့်ရှုလေ့လာစဉ်။ (၁၁-၉-၂၀၂၂ ရက်)

### ပညာတတ်များ ပေါကြွယ်ဝ၍ နိုင်ငံဆုတ်ယုတ်မှုမရှိ

ပညာဆိုသည်မှာ လေ့လာဆည်းပူးခဲ့ရသည့် မြောက်မြားစွာသော အချက်အလက်များနှင့် အတွေ့အကြုံပေါ်မူတည်၍ လုပ်ငန်းဆောင်တာအမျိုးမျိုးကို နိုင်နင်းစွာ ထိန်းသိမ်းစီမံအုပ်ချုပ်နိုင်သော စွမ်းရည်ဖြစ်ပြီး မှားမှန်ကောင်းဆိုးကြောင်းကျိုးဆက်စပ် စဉ်းစားဆင်ခြင်ဝေဖန်ပိုင်းခြားတတ်သော အသိတရားပင်ဖြစ်သည်။ လက်ရှိကျွန်ုပ်တို့နိုင်ငံသည် စာပေတတ်မြောက်သူကား များ၏။ သို့သော် ပညာတတ်မြောက်သူကား ရှား၏။ အဘယ်ကြောင့်ဆိုသော် နိုင်ငံရေး အခြေအနေတစ်ခုအပေါ်တွင် စာပေတတ်မြောက်သူတို့သည် ပညာဆိုသည့် အပြစ်နှင့်အကျိုးကို ခွဲခြားနိုင်သည့် ဉာဏ်ကို မျက်ကွယ်ပြုလုပ်ဆောင်နေခြင်းများမှာ နိုင်ငံ့အတွက်အံ့အားသင့်ဖွယ် ဆုတ်ယုတ်မှုများပင်ဖြစ်၏။ ကျွန်ုပ်တို့နိုင်ငံနည်းတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံသည်လည်း နိုင်ငံရေးအကျပ်အတည်းတွေ့ကြုံနေရပေသည်။ သို့ရာတွင် စာပေတတ်သည့် ပညာတတ်များ ပေါကြွယ်ဝ၍ နိုင်ငံဆုတ်ယုတ်မှုမရှိခြင်းသည် လေးနက်စွာ သင်ခန်းစာ ယူဖွယ်ပင်ဖြစ်၏။

### ရုရှားနိုင်ငံနှင့် ပညာရေးစနစ်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ပညာရေးစနစ်သည် ကျွန်ုပ်တို့နိုင်ငံ၏ ပညာစနစ်နှင့် ကွဲပြားမှုရှိ၏။ မူကြိုပညာရေးသည် ရုရှားတွင် မသင်မနေရဖြစ်သော်လည်း အသက် ၆ နှစ်အောက် ကလေးအများအပြား မူကြိုကျောင်းတက်ကြသည်။ မူကြိုကျောင်းတွင် အခြေခံအားဖြင့် ကလေးများ၏ ကိုယ်လက်လှုပ်ရှားမှုနှင့် တီထွင်ဖန်တီးနိုင်မှုအပေါ် အာရုံစိုက်စေသည်။ မူကြိုကျောင်းပြီးသည့်နောက်တွင် အခြေခံပညာရေးစနစ်အား ဆက်လက်သင်ယူရသည်။ ကလေးများ၏ ဉာဏ်ရည်၊ စိတ်ပိုင်းဆိုင်ရာ၊ ကာယပိုင်းနှင့် ကိုယ်ကျင့်တရား ဖွံ့ဖြိုးတိုးတက်မှုအပေါ် အာရုံစိုက်စေ၏။ ရုရှားနိုင်ငံတွင် မူလတန်းပညာရေးကို အသက် ၆ နှစ်မှ ၁၀ နှစ်အတွင်း သတ်မှတ်ပြီး အသက် ၁၀ နှစ်မှ ၁၅ နှစ်အရွယ်ရှိ ကျောင်းသားများ အတွက် အကြီးတန်း သို့မဟုတ် အလယ်တန်းပညာရေးစနစ်ကို သင်ယူရ၏။ အသက် ၁၅ နှစ်အရွယ်တွင် အခြေခံပညာအဆင့်အား အောင်မြင်ပြီးစီးပြီဖြစ်၏။ ရုရှားနိုင်ငံတွင် အသက် ၆ နှစ်မှ ၁၅ နှစ်အကြား ကလေးများသည် ကျောင်းတက်ရန် မဖြစ်မနေ လိုအပ်သည်။ အခြေခံပညာရေးသည် လူတိုင်းအတွက် အခမဲ့ဖြစ်သည်။ ကျောင်းသားတစ်ဦးသည် အဆင့်မြင့်ပညာရေးကို သင်ယူလိုပါက အထက်တန်းကျောင်းတွင် နောက်ထပ် ၂ နှစ် ပညာဆည်းပူးရမည်ဖြစ်သည်။ အခြေခံပညာအဆင့်ပြီးဆုံးပြီးနောက် နောက်ဆုံးစာမေးပွဲအားပြုလုပ်သည်။ ကျောင်းသားများအား အခြေခံအထွေထွေ ပညာရေးလက်မှတ်ချီးမြှင့်သည်။ အဆိုပါလက်မှတ်၏ အကူအညီဖြင့် ကျောင်းသားသည် ဝင်ခွင့်ရနိုင်သည့် အသက်မွေးဝမ်းကျောင်း ပညာရေး သို့မဟုတ် တက္ကသိုလ်မဟုတ်သောအဆင့်ထိ (အဆင့်မြင့်ပညာရေး) တက်ရောက်ရသည်။ ၎င်းမှ အောင်မြင်ပြီးပါက ဘွဲ့လွန်နှင့် အဆင့်မြင့်ပညာရပ်များအား တက်ရောက်သင်ယူနိုင်၏။ ထိုကဲ့သို့ ပညာရေးကိုအလေးပေးဆောင်ရွက်နေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် ၂၀၂၃ ခုနှစ် World Population Review ၏ သုံးသပ်ချက်အရ ပညာရေးသည် အဆင့် ၂၃ တွင် ရှိပါသည်။ ထိုကဲ့သို့အဆင့်ရှိသော ရုရှားနိုင်ငံတွင် ၂၀၀၁ ခုနှစ်မှစတင်၍ လက်ရှိအချိန်ထိ ရုရှားနိုင်ငံရှိ တက္ကသိုလ်အသီးသီးတွင် မြန်မာနိုင်ငံမှ ပညာတော်သင်ကျောင်းသားများအနေဖြင့် မဟာဘွဲ့ရရှိသူ ၆၀၀၀ ကျော်၊ ပါရဂူဘွဲ့ရရှိသူ ၅၀၀ နီးပါး၊ D.Sc ဘွဲ့ရရှိသူ ၁၁ ဦး ရှိခဲ့ပြီဖြစ်သည်။

ယနေ့ရုရှားနိုင်ငံ၏ ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်မှုအပေါ် သုံးသပ်ကြည့်မည်ဆိုလျှင် *စာမျက်နှာ ၇ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University (FEFU) ရှိ Medical School အတွင်း လေ့လာကြည့်ရှုစဉ်။ (၅-၉-၂၀၂၂ ရက်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့ရှိ ရေတပ်လေ့ကျင့်ရေး သင်တန်းကျောင်းအတွင်း လေ့လာကြည့်ရှုစဉ်။ (၅-၉-၂၀၂၂ ရက်)

**❖ နိုင်ငံတော်အကြီးအကဲသည် တာဝန်ထမ်းဆောင်ခဲ့သည့် ကာလအတွင်း ပြည်ပချေးငွေနှင့် ထောက်ပံ့ငွေများ ရရှိခဲ့မှုမရှိသော်လည်း နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးအား ရသမျှသောခွန်အားဖြင့် ဆောင်ရွက်ခဲ့ရသည်။ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလမှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလတွင် စီးပွားရေးတိုးတက်မှုနှုန်း အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ရာမှ ကြားကာလ ၆ လ စီမံကိန်းအကောင်အထည်ဖော်မှုတွင် ၂ ဒသမ ၄ ရာခိုင်နှုန်း၊ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ၃ ဒသမ ၄ ရာခိုင်နှုန်းအထိ ပြန်လည်တိုးတက်လာခဲ့**

**❖ ယနေ့ နိုင်ငံတော်အကြီးအကဲ၏ လုပ်ဆောင်ချက်များသည် မိမိစိတ်ခံစားချက်အပေါ် ဦးစားပေး လုပ်ဆောင်နေခြင်းမဟုတ်ဘဲ နိုင်ငံတော်အတွက် အကောင်းဆုံးဖြစ်မည့်လမ်းကြောင်းကို ရေရှည် မြော်မြင်မှု၊ ဆင်ခြင်တုံတရား လက်ကိုင်ထား၍ သတိတရားဖြင့် တည်ဆောက်နေခြင်းဖြစ်သည်ကို တွေ့ရ**

*စာမျက်နှာ ၆ မှ*

ကမ္ဘာ့ပညာရေးကဏ္ဍတွင် ရုရှားနိုင်ငံရှိ တက္ကသိုလ်များသည် ကမ္ဘာ့ထိပ်တန်းအဆင့်ရှိသည်ကို မျက်ဝါးထင်ထင် သိနိုင်မည်ဖြစ်၏။ ထိုသို့ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်မှုတွင် ရုရှားသမ္မတပူတင်၏ တိုက်ရိုက်ကွပ်ကဲမှုအောက်ရှိ ရုရှားသိပ္ပံအကယ်ဒမီ၏ အခန်းကဏ္ဍသည် အလွန်တရာမှ အရေးပါသည်။ ရုရှားသိပ္ပံ အကယ်ဒမီသည် နိုင်ငံတော်အဆင့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ရုရှားတစ်နိုင်ငံလုံး၏ ဝိဇ္ဇာ၊ သိပ္ပံ၊ နည်းပညာ စသည့် ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒနှင့်သုတေသနလုပ်ငန်းများအား ကိုင်တွယ်ထိန်းချုပ်နေသော ရုရှားနိုင်ငံ၏ ပညာရေးဆိုင်ရာ တစ်ခုတည်းသော အဖွဲ့အစည်းတစ်ခုပင်ဖြစ်သည်။ အဆိုပါအဖွဲ့အစည်းအောက်တွင် နိုင်ငံတော်၏မူဝါဒအတွက် အရေးပါသည့် သင်ကြားရေးနှင့် သုတေသနဆိုင်ရာကိစ္စရပ်များအား လုပ်ဆောင်နေသော အဖွဲ့အစည်းများစွာပါရှိပြီး ၎င်းတို့အထဲတွင် အရှေ့တိုင်းလေ့လာရေးအင်စတီကျူသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။

အရှေ့တိုင်းလေ့လာရေးအင်စတီကျူ၏သမိုင်းမှာ ရှည်လျားလှသည်။ အရှေ့တိုင်း လေ့လာရေးအင်စတီကျူအား ရုရှားဇာဘုရင် ပထမအလက်ဇန္ဒား လက်ထက် ၁၈၁၈ ခုနှစ်ကတည်းက စိန့်ပီတာစဘတ်မြို့ သိပ္ပံပညာအကယ်ဒမီလက်အောက်ရှိ အာရှပြတိုက်တစ်ခုအဖြစ် စတင်တည်ထောင်ခဲ့သည်။ ထိုပြတိုက်ကို အရှေ့တိုင်းစာမူများ သိမ်းဆည်းခြင်း၊ လာရောက်လေ့လာသည့် ဧည့်သည်များအတွက် ခင်းကျင်းပြသခြင်း၊ အရှေ့တိုင်းလေ့လာမှုများအတွက် သိပ္ပံနှင့်စည်းရုံးရေးစင်တာအပြင် ပညာရေးဆိုင်ရာ သုတေသနအတွက် စာကြည့်တိုက်တစ်ခုအဖြစ် အသုံးပြုခဲ့သည်။ ၂၀ ရာစုအစ ပြတိုက်တည်ထောင်သည့် နှစ် ၁၀၀ ပြည့် နှစ်ပတ်လည်တွင် ပြတိုက်သည် အရှေ့တိုင်း ဘာသာစကား ၄၅ မျိုးဖြင့် စာမူများစုစည်းထားသော အဓိကဗဟိုချက်နေရာ ဖြစ်လာခဲ့သည်။ ၁၉၂၀-၁၉၃၀ ပြည့်နှစ်တွင် သိပ္ပံအကယ်ဒမီ၏ အရှေ့တိုင်းဌာနကို ပြန်လည်ဖွဲ့စည်းခဲ့ပြီး ဆိုဗီယက်ပြည်ထောင်စု၏ သိပ္ပံအကယ်ဒမီအောက်ရှိပြတိုက်ကို အခြေခံ၍ အရှေ့တိုင်းလေ့လာရေးအင်စတီကျူကို ဖွဲ့စည်းခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စု၏ ဦးဆောင်မှုအောက်တွင် နိုင်ငံရေးဆိုင်ရာများအပြင် အခြေခံသုတေသနလုပ်ငန်းများကိုပါ တာဝန်ပေးအပ်စေခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ရုရှားသိပ္ပံအကယ်ဒမီသည် အရှေ့တိုင်းလေ့လာရေးအင်စတီကျူကို ၎င်း၏ စိန့်ပီတာစဘတ်ဌာနခွဲမှ ခွဲထွက်ခဲ့ပြီး နောက်ပိုင်းတွင် Institute of Eastern Manuscripts အဖြစ် သီးခြားရပ်တည်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် ရုရှားအစိုးရသည် အရှေ့တိုင်းလေ့လာရေးအင်စတီကျူ၏ ထိန်းချုပ်မှုကို အခြားသော သိပ္ပံအကယ်ဒမီ ပညာရပ်ဆိုင်ရာအဖွဲ့အစည်းအားလုံးနှင့်အတူ အစိုးရအေဂျင်စီ Federal Agency for Scientific Organizations (FASO) သို့ လွှဲပြောင်းပေးခဲ့ပါသည်။

### မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

ယခုအခါ ရုရှားသိပ္ပံအကယ်ဒမီ၏ အရှေ့တိုင်း လေ့လာရေးအင်စတီကျူသည် အရှေ့တိုင်းယဉ်ကျေးမှုနှင့်သမိုင်းကြောင်းများ၊ စီးပွားရေးနှင့်နိုင်ငံရေး၊ အာရှနှင့် မြောက်အာဖရိကနိုင်ငံများ၏ ဘာသာစကားများနှင့် စာပေများကို လေ့လာသည့် သုတေသနစင်တာအဖြစ် တိုးတက် ဖြစ်ထွန်းလာခဲ့ပါသည်။ အင်စတီကျူမှ မွေးထုတ်ပေးလိုက်သည့် သူများမှာလည်း စွမ်းဆောင်ရည်မြင့်မားသည့်အတွက် ၁၉၈၀ ပြည့်နှစ်တွင် Order of the Red Banner of Labour တံဆိပ် ချီးမြှင့်ခြင်းခံခဲ့ရသည်ကို တွေ့ရှိရသည်။ ရုရှားသိပ္ပံအကယ်ဒမီ၏ အရှေ့တိုင်း လေ့လာရေးအင်စတီကျူတွင် ဌာနပေါင်း ၁၉ ခုဖြင့် ဖွဲ့စည်းထားပြီး သိပ္ပံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နိုင်ငံတကာ အစီအစဉ်များ၊ သုတေသနပရောဂျက်များနှင့် ထုတ်ဝေခြင်းအစီအစဉ်များ၊ နိုင်ငံတကာ အရှေ့တိုင်းအသင်းများနှင့် စီးပွားရေး၊ ယဉ်ကျေးမှုနှင့်လူသားချင်းစာနာမှု ပူးပေါင်းဆောင်ရွက်ခြင်း စသည်ဖြင့် မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအတွက်မူ လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း မြန်မာနိုင်ငံ၏ ဘာသာစကား၊ မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများကို လေ့လာခဲ့ကြ၏။

### တိုင်းပြည်ပျက်စီးအောင် လုပ်သူများ ကျရှုံးပျက်သုဉ်းနေမည်

နိုင်ငံတစ်နိုင်ငံ၏ အကြောင်းအရာများကို သုတေသနပြုလေ့လာရာတွင် နိုင်ငံ့အကြီးအကဲများ၏ နိုင်ငံအပေါ်ထားရှိသည့် စိတ်ထားနှင့် ဦးဆောင်မှုအပေါ်လည်း လေ့လာကြသည်မှာ ပကတိအမှန်တရားပင်ဖြစ်၏။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ယခင် NLD အစိုးရ၏ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံတော်အာဏာအား မဲမသမာမှုနည်းလမ်းဖြင့် အတင်းအဓမ္မရယူရန် ကြိုးပမ်းခဲ့သည်ကို တားဆီးနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်တွင် ဒီမိုကရေစီကျင့်စဉ်နှင့် ဆန့်ကျင်ဘက် လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လမ်းစဉ်ကို လုပ်ဆောင်နေသည့် အကြမ်းဖက်သမားများသည် အပြစ်မဲ့ပြည်သူများနှင့် စစ်ရေးပစ်မှတ်မဟုတ်သည့် နေရာများကို ရည်ရွယ်ချက်ရှိစွာ ပစ်မှတ်ထား တိုက်ခိုက်လာကြသည်။ တိုင်းပြည်တည်ငြိမ်ရေးနှင့် အစိုးရယန္တရား ရပ်ဆိုင်းသွားစေရန်နည်းမျိုးစုံဖြင့် ဆောင်ရွက်ခဲ့၏။ ပြည်ပမှ ရုပ်သံများ၊ သတင်းဌာနများစွာက အခကြေးငွေရယူ၍ ဝါဒမှိုင်းအမျိုးမျိုးဖြင့် ပြည်သူနှင့် အစိုးရ၊ တပ်မတော်အား ဝါဒဖြန့်အမုန်းတရား ရိုက်သွင်းကာ ရန်တိုက်သွေးခွဲခဲ့သည်။ နိုင်ငံတော်အကြီးအကဲနှင့် လက်အောက်ခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စိတ်ရှည်သည်းခံစွာ ဥပဒေနှင့်အညီ ဆောင်ရွက်မှုအပေါ် အခွင့်အရေးယူကာ ဆောင်ရွက်ခဲ့၏။ အဓမ္မသည် ဓမ္မကိုမယှဉ်နိုင်၊ ဓမ္မတရားသည် အချိန်တန်သည်နှင့် အမှန်တရားအဖြစ် ထွက်ပေါ်လာသည်။ တိုင်းပြည်ပျက်စီးအောင် လုပ်သူများက အချိန်ကြာလာသည်နှင့်အမျှ ကျရှုံးပျက်သုဉ်းနေမည်သာဖြစ်ပါသည်။

### သုတေသနပြု လေ့လာမှတ်တမ်းတင်ထား

ထိုကဲ့သို့ အခြေအနေများကြားတွင် နိုင်ငံတော်ကို ဦးဆောင်မှုပေးရသည်က မလွယ်ကူချေ။ ပြည်တွင်း၊ ပြည်ပအတားအဆီး အနှောင့်အယှက်မျိုးစုံကြားတွင် နိုင်ငံတော်မယိမ်းမယိုင်စေရေး ထိန်းသိမ်းဖြတ်သန်းရသည့် နိုင်ငံ့ခေါင်းဆောင်တစ်ဦး၏ ဦးဆောင်ဖြတ်သန်းမှုသည် ထက်မြက်သော အတွေးအခေါ်နှင့် နက်ရှိုင်းသော နှလုံးသားခံစားချက်တို့ဖြင့်သာ ဖြတ်သန်းနိုင်မည်ဖြစ်၏။ နိုင်ငံတော်အကြီးအကဲ၏ မြန်မာနိုင်ငံသား တိုင်းရင်းသားပြည်သူများအပေါ် ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်ရေး လက်တွဲပူးပေါင်းဦးဆောင် ဆောင်ရွက်မှု၊ တရားမျှတမှုအား အခြေခံသည့် နိုင်ငံရေးလုပ်ငန်းစဉ် ဆောင်ရွက်မှုများအား ပွင့်လင်းမြင်သာ ဆောင်ရွက်နေမှုတို့အပေါ် ရုရှားသိပ္ပံအကယ်ဒမီ အရှေ့တိုင်းလေ့လာရေး အင်စတီကျူအနေဖြင့် သုတေသနပြု လေ့လာမှတ်တမ်းတင်ထားခဲ့ပါသည်။ ထို့အပြင် ကိုဗစ်-၁၉ ရောဂါကာလအတွင်း မြန်မာနိုင်ငံ အစိုးရသည် နိုင်ငံရေးနှင့် စီးပွားရေး အကျပ်အတည်းအား တစ်ပြိုင်နက် ဖြေရှင်းခဲ့ရသည်မှာလည်း ကောင်းမြတ်သော မှတ်တမ်းတစ်ခုပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် ၂၀၁၈ ခုနှစ်က စတင်ပြီး စီးပွားရေးဆိုင်ရာနှင့်ကုန်သွယ်မှုဆိုင်ရာ စီမံခန့်ခွဲမှုအားနည်းချက်များအပြင် ကိုဗစ်-၁၉ ရောဂါ၏ ကန့်သတ်မှုများကြောင့် နိုင်ငံ့စီးပွားရေးသည် ကျဆင်းခဲ့ရသည်။ တိုင်းပြည်သည် နိုင်ငံခြားဝင်ငွေများ ရရှိခဲ့ခြင်းမရှိခဲ့ဘဲ ပြည်ပက သွင်းကုန်များကိုသာ တင်သွင်းခဲ့မှုများကြောင့် ကုန်သွယ်မှုလိုငွေများစွာ ဖြစ်ပေါ်ခဲ့ရသည်။ ထို့ပြင် အချို့သော နိုင်ငံတော်အဆင့်နှင့် ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၏ အဂတိလိုက်စားမှုကိစ္စရပ်များသာမက မလျော်မကန်သည့်အာဏာသုံးဆောင်ရွက်မှုများကြောင့် တိုင်းပြည်၏ စီးပွားရေးသည် များစွာထိခိုက်နစ်နာဆုံးရှုံးခဲ့ရမှုများ ရှိခဲ့သည်။

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

ထိုသို့သော အခြေအနေအရပ်ရပ်ကြောင့် တိုင်းပြည်သည် တိုးတက်သင့်သလောက် မတိုးတက်ဘဲ ဒေသတွင်းနိုင်ငံများနှင့် ယှဉ်လျှင် နောက်ကျကျန်ရစ်ခဲ့ရသည်။

နိုင်ငံတော်အကြီးအကဲသည် တာဝန် ထမ်းဆောင်ခဲ့သည့် ကာလအတွင်း ပြည်ပချေးငွေနှင့် ထောက်ပံ့ငွေများ ရရှိခဲ့မှုမရှိသော်လည်း နိုင်ငံ၏ ဖွံ့ဖြိုး တိုးတက်ရေးအား ရသမျှသောခွန်အား ဖြင့် ဆောင်ရွက်ခဲ့ရသည်။ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလမှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလတွင် စီးပွားရေးတိုးတက် မှုနှုန်း အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ရာမှ ကြားကာလ ၆ လ စီမံကိန်း အကောင်အထည်ဖော်မှုတွင် ၂ ဒသမ ၄ ရာခိုင်နှုန်း၊ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ၃ ဒသမ ၄ ရာခိုင်နှုန်း အထိ ပြန်လည်တိုးတက်လာခဲ့သည်။ နိုင်ငံအကြီးအကဲတစ်ဦး၏ စီးပွားရေး အခြေခံသဘောတရားများအပေါ် သိရှိ နားလည်သည်သာမက အဆင့်ဆင့် ဖြတ်သန်းခဲ့ရသော ဘဝအတွေ့အကြုံ မှရရှိခဲ့သည့် အတွေးအခေါ်အသိများက နိုင်ငံတစ်နိုင်ငံ ယိမ်းယိုင်နေသော အခြေ အနေမှ အကောင်းဆုံးရုန်းထွက်နိုင်ခြင်း ၏သာဓကပင်ဖြစ်သည်။ ယနေ့ နိုင်ငံတော် အကြီးအကဲ၏လုပ်ဆောင်ချက်များသည် မိမိစိတ်ခံစားချက်အပေါ် ဦးစားပေး လုပ်ဆောင်နေခြင်းမဟုတ်ဘဲ နိုင်ငံတော် အတွက် အကောင်းဆုံးဖြစ်မည့် လမ်း ကြောင်းကို ရေရှည်မြော်မြင်မှု၊ ဆင်ခြင်တုံ တရား လက်ကိုင်ထား၍ သတိတရား ဖြင့် တည်ဆောက်နေခြင်း ဖြစ်သည်ကို တွေ့ရသည်။ ဆင်ခြင်စဉ်းစားနိုင်စွမ်း မရှိသူအတွက် စိတ်ခံစားမှုသည် အဓိက ဖြစ်သောကြောင့် လုပ်ချင်ရာကို လုပ်တတ် သည့် သဘောရှိ၏။ လုပ်သင့်သည်ကို မလုပ်ကိုင်ဘဲ လျစ်လျူရှု၏။ သုတေသန ပြုသူတို့သည် ထိုမျှသော အခြေခံအချက် အပေါ်က စိစစ်ကြည့်ရှုသုံးသပ်လေ့လာ ၏။ ရုရှားသိပ္ပံအကယ်ဒမီအနေဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် တွင်လည်း သုတေသနပြု၍ စိစစ်သုံးသပ် အကဲဖြတ်ခဲ့ကြသည်။

ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ရောဂါကြိုတင်ကာကွယ်ရေး၊ ကုသရေး လုပ်ငန်းစဉ်များနှင့် ကာကွယ်ဆေးထိုးနှံ မှုလုပ်ငန်းများတွင် မိမိရင်ဝယ်သားကဲ့ သို့ သဘောထားကာ အယုတ်၊ အလတ်၊ အမြတ်၊ ရန်သူ၊ မိတ်ဆွေမရွေး လူသား ချင်း စာနာထောက်ထားမှုများစွာကို လည်း စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်အကြီးအကဲသည် ရုရှား ဖက်ဒရေးရှင်းနိုင်ငံနှင့် ကမ္ဘာ့ပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ရေရှည်အကျိုးစီးပွား အတွက် မှတ်ကျောက်တင်ထူးခြားသည့် စွမ်းဆောင်မှုများဖြင့်သာ အလေးပေး ဆောင်ရွက်ခဲ့၏။ နိုင်ငံ့ခေါင်းဆောင် တစ်ယောက်အနေနှင့် ကမ္ဘာ့အင်အား ချိန်ခွင်လျှာ မျှတရေးအတွက် အမြော် အမြင်ရှိရှိ ဉာဏ်ပညာပြည့်ဝစွာဖြင့် ရုရှား ခေါင်းဆောင်နှင့်အတူ အတူတကွ ပူးပေါင်းဆောင်ရွက်နေသည်မှာ မြန်မာ့ နိုင်ငံရေးသမိုင်း၏ မော်ကွန်းတင်မည့် စွမ်းဆောင်ရည်များပင်ဖြစ်၏။ ထို့ကြောင့် မြန်မာ့နိုင်ငံရေးသမိုင်းအား စဉ်ဆက်မပြတ် သုတေသနပြုလေ့လာနေပြီး ရုရှား သိပ္ပံအကယ်ဒမီ အရှေ့တိုင်းလေ့လာရေး အင်စတီကျု၏ ပညာရေးကောင်စီက မငြင်းပယ်နိုင်လောက်အောင် တညီ တညွတ်တည်း မဲခွဲဆုံးဖြတ်ခဲ့ပြီး **“ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့”** အား ပေးအပ်ခဲ့ရသည်။

အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားတို့၏ နိုင်ငံတော်ကြီး စည်းလုံးညီညွတ်ပြီး သာယာဝပြောလာ အောင် စောင့်ရှောက်ခဲ့သည့် ရှေးမြန်မာမင်း တို့၏ စွမ်းဆောင်မှုများအား ယနေ့ နောင်လာနောက်သားများက အစဉ်အမြဲ ကျေးဇူးတင် ဦးခိုက်နေလျက်ရှိပါသည်။ ယနေ့ နိုင်ငံတော်အကြီးအကဲ၏ စွမ်းဆောင်မှုများအားလည်း ပြည်ပ အင်အားကြီးနိုင်ငံက အသိအမှတ်ပြု သကဲ့သို့ နောင်ဝယ် ငယ်သားများက လည်း အသိအမှတ်ပြု လေးစားအားကျ နေမည်သာဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် **“အကောင်း မြင်စိတ်မရှိသူက အခွင့်အရေးကို အခက် အခဲဟုသာ မြင်မိဖြစ်၏။ အပြုသဘော စိတ်ဓာတ်ရှိသူက အခက်အခဲကို အခွင့် အရေးဟုသာ မြင်မိဖြစ်၏။”** နိုင်ငံတော် အကြီးအကဲသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် ကြုံတွေ့လာသော အခက်အခဲ အခြေအနေအရပ်ရပ်အပေါ် နာယကဂုဏ်ခြောက်ပါးဖြင့်သာ ဦးဆောင် ဦးရွက်ပြုဆောင်ရွက်ခဲ့သည်မှာ သမိုင်း သက်သေတည်နေပြီဖြစ်၏။ ကမ္ဘာ့ ထိပ်တန်းနေရာတွင် ရပ်တည်လျက်ရှိပြီး စွမ်းရည်ထက်မြက်သူများကိုသာ မွေး ထုတ်ပေးလျက်ရှိသည့် ရုရှားသိပ္ပံ အကယ်ဒမီ အရှေ့တိုင်းလေ့လာရေး အင်စတီကျုမှ ပေးအပ်သည့် လက်ခံ ရယူရန်ခက်ခဲသည့် **“ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့”** ကို လက်ခံရရှိခဲ့သည့် နိုင်ငံတော်အကြီးအကဲ၏ စွမ်းဆောင် ချက်များအပေါ် ထိုက်တန်စွာအသိအမှတ် ပြုလေးစားဂုဏ်ယူမိပါတော့၏။ ။

# ပညာရပ်ပိုင်းဆိုင်ရာ အရည်အသွေးပြည့်မီစေရန် သင်ကြားပေးရုံမျှမကဘဲ ကျင့်ဝတ်ပိုင်းဆိုင်ရာများကိုပါ သင်ကြားလေ့ကျင့်ပေးရန်လို



နေပြည်တော် မေ ၄

**ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်များနှင့် ဆေးပညာ နှီးနွယ်တက္ကသိုလ်များတွင် ၂၀၂၄ ခုနှစ် ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများဖွင့်လှစ်ရန် ဘွဲ့လွန် ဆေးပညာသင်ကြားရေးအဖွဲ့ အစည်းအဝေး (၁/၂၀၂၃)ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာ အေးထွန်း၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာန များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ဒုတိယညွှန်ကြား ရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြား ရေးမှူး၊ ဆေးတက္ကသိုလ်များ၊ ဆေးပညာနှီးနွယ် တက္ကသိုလ်များ၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှ ပါမောက္ခချုပ်များ၊ ဘွဲ့လွန်ဆေးပညာသင်ကြားရေး အဖွဲ့ဝင် ပါမောက္ခ/ဌာနမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ် များတွင် ဘွဲ့လွန်သင်တန်းများကို ၁၉၆၄ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့သော ဘွဲ့လွန်သင်တန်းများမှ ဒီပလိုမာ ဘွဲ့ရရှိသူပေါင်း ၃၇၇၃ ဦး၊ ဆေးပညာမဟာသိပ္ပံဘွဲ့ ရရှိသူပေါင်း ၁၁၁၀၃ ဦးနှင့် ပါရဂူဘွဲ့ရရှိသူပေါင်း ၁၅၇၈ ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ် ပညာသင်နှစ်တွင် ဒီပလိုမာသင်တန်း ရှစ်ခု၊ မဟာသိပ္ပံ သင်တန်း ၄၃ ခုနှင့် ပါရဂူဘွဲ့သင်တန်း ၄၃ ခု စုစုပေါင်း ၉၄ ခု ဖွင့်လှစ်နိုင်ခဲ့ပြီး ဒီပလိုမာသင်တန်းသို့ တက်ရောက်ခွင့်ရရှိသူ ၁၄ ဦး၊ မဟာသိပ္ပံသင်တန်းသို့ တက်ရောက်ခွင့်ရရှိသူ ၃၀၈ ဦးနှင့် ပါရဂူဘွဲ့သင်တန်း သို့ တက်ရောက်ခွင့်ရရှိသူ ၁၃၃ ဦး စုစုပေါင်း ၄၅၅ ဦး ဘွဲ့လွန်သင်တန်းများသို့ တက်ရောက်ခွင့်ရရှိခဲ့ ကြောင်း၊ ယခုနှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများကို တက္ကသိုလ်အလိုက် ဝင်ခွင့်ခေါ်ယူရာတွင်လည်း ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အပါအဝင် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ လိုအပ်ချက်များ၊ ပြင်ဆင်တိုးချဲ့သော ဖွဲ့စည်းပုံများနှင့် ကိုက်ညီမှုရှိအောင် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ဦးစီးဌာနများအားလုံး ညှိနှိုင်းဆောင်ရွက်ရန် လိုအပ် ကြောင်း။

ပညာရပ်ပိုင်းဆိုင်ရာ အရည်အသွေးပြည့်မီစေရန် သင်ကြားပေးရုံမျှမကဘဲ ကျင့်ဝတ်ပိုင်းဆိုင်ရာများ ကိုပါ သင်ကြားလေ့ကျင့်ပေးရန် လိုအပ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကျန်းမာ ရေးဝန်ထမ်းများ၏ ရာထူးအခွင့်အလမ်းများနှင့် ပတ်သက်၍ အထူးအလေးထားဆောင်ရွက်လျက် ရှိကြောင်း၊ ၂၀၂၄ ခုနှစ် ပညာသင်နှစ်တွင်လည်း အထူးပြု ဘာသာရပ်အလိုက် လူ့စွမ်းအားအရင်းအမြစ်လိုအပ် ချက်နှင့်အညီ ခေါ်ယူနိုင်ရေး ဆောင်ရွက်သွားစေလို ကြောင်း၊ ကုသရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင် လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများအနေဖြင့် သင်ကြားရေးတာဝန်များကိုလည်း တွဲဖက်တာဝန်ယူ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယနေ့ အစည်းအဝေး တွင် ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွယ် တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာ ဘာသာရပ်အလိုက်၊ တက္ကသိုလ်အလိုက် အများဆုံး လက်ခံသင်ကြားပေးနိုင်မည့် လျာထားဦးရေကို အတည်ပြု ဆွေးနွေးသွားမည်ဖြစ်သည့်အတွက် ယခုအစည်းအဝေးမှ ထွက်ပေါ်လာသည့် သဘောတူ ဆုံးဖြတ်ချက်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြား သည်။

အစည်းအဝေးတွင် ဘွဲ့လွန်ဆေးပညာသင်ကြား ရေးအဖွဲ့ဥက္ကဋ္ဌ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဘွဲ့လွန်ဆေးပညာ သင်တန်းဝင်ခွင့်ခေါ်ယူရေး လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ပြီး ဘွဲ့လွန်ဆေးပညာသင်ကြားရေး အဖွဲ့ အတွင်းရေးမှူးက ၂၀၂၄ ခုနှစ် ပညာသင်နှစ် အတွက် ဘွဲ့လွန်ဆေးပညာသင်တန်းများကို တက္ကသိုလ်အလိုက် ဝင်ခွင့်ခေါ်ယူရေးကိစ္စ၊ ဝင်ခွင့် စာမေးပွဲစစ်ဆေးမည့် အစီအစဉ်များ၊ အမှတ်ပေးစနစ် များ၊ ဝင်ခွင့်ခေါ်ယူမည့် လုပ်ငန်းအစီအစဉ်များ၊ ဘာသာ ရပ်အလိုက် လျာထားဦးရေများ၊ ဆေးတက္ကသိုလ် များတွင် အသစ်ဖွင့်လှစ်လိုသည့် ဘွဲ့လွန်သင်တန်း များ၏ သင်ရိုးညွှန်းတမ်းများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသူ များက တက္ကသိုလ်အလိုက် သတ်မှတ်ထားသော ဘွဲ့လွန်ဘာသာရပ်အလိုက် လျာထားဦးရေ၊ အသစ် ဖွင့်လှစ်လိုသည့် ဘွဲ့လွန်သင်တန်းများ၏ သင်ရိုး ညွှန်းတမ်းများနှင့် ပတ်သက်၍ အသေးစိတ်ဆွေးနွေး တင်ပြကြသည်။

ထို့နောက် ဘွဲ့လွန်ဆေးပညာသင်ကြားရေးအဖွဲ့ အစည်းအဝေး (၁/၂၀၂၃) ကို ဆက်လက်ကျင်းပခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

# အုတ်တွင်းမြို့နယ်၌ ဓမ္မာစရိယဂုဏ်ပြုပူဇော်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**အုတ်တွင်း မေ ၄**

၂၀၂၂ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သော ဆရာတော်၊ သံဃာတော်အရှင်မြတ်များအား ဂုဏ်ပြုပူဇော်ပွဲနှင့် ဘွဲ့နှင်း သဘင်အခမ်းအနားကို အုတ်တွင်းမြို့နယ် ဇောဓိကုန်းဘုန်းတော်ကြီး ကျောင်းတိုက် ဝိဇ္ဇာသမိဒ္ဓိမဟာရွှေကံသာကျောင်းတော်၌ မေ ၃ ရက်က ကျင်းပသည်။

အခမ်းအနားတွင် အုတ်တွင်းတပ်နယ် တပ်နယ်မှူး ဗိုလ်မှူးချုပ် ရဲကျော်ကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပရိသတ်များက မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ သီလခံယူ ဆောက်တည်ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူး မြင့်ဇော်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ထို့နောက် အုတ်တွင်းမြို့နယ် တပ်နယ်မှူးက ဆရာတော်ကြီးများအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး စာအောင်သံဃာတော်များအား စာအောင်လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားအပြီးတွင် အုတ်တွင်းတပ်နယ်မှူးနှင့် တပ်ရင်း/ တပ်ဖွဲ့များက မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်၊ အဖွဲ့ဝင် ဆရာတော်များ၊ ကြီးကြပ်ဆရာတော်များနှင့် စာဖြေသံဃာ ၉၃ ပါး တို့အား နေ့ဆွမ်းဆက်ကပ် လှူဒါန်းသည်။

အုတ်တွင်းမြို့နယ်တွင် ၂၀၂၂ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲတွင် စာအောင်သံဃာ ဓမ္မာစရိယ ခြောက်ပါးနှင့် ပထမကြီး/လတ်/ငယ် သံဃာ ၃၇ ပါး စုစုပေါင်း ဆရာတော် သံဃာတော် ၄၃ ပါး အောင်မြင်ခဲ့ ကြောင်း သိရသည်။

**အေမင်းရည်စော(ပြန်/ဆက်)**

# ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပြဋ္ဌာန်း

*(ယမန်နေ့မှအဆက်)*

| | |
|---|---|
| **အထွေထွေကုန်စည်များ** | |
| ၄၁ | ပြည်ပသို့ထွက်ခွာမည့်ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့်နေရာတွင် ရောင်းချသည့်ပစ္စည်းများ။ |
| ၄၂ | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆိုပြု၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ခွင့်ပြုထားသည့် နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမူ ကျင့်သုံးသော နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးများ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများအသုံးပြုမည့် အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်သည့်ကုန်စည်များ။ |
| ၄၃ | ပြည်တွင်းရှိကုလသမဂ္ဂအဖွဲ့အစည်းများမှ အဖွဲ့အစည်းအမည်ဖြင့် ပြည်တွင်းပြည်ပမှ ဝယ်ယူသည့် ကုန်စည်များ။ |
| ၄၄ | ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့် ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ဝယ်ယူသော ကုန်စည်များ။ |
| ၄၅ | နိုင်ငံတော်၏လိုအပ်ချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခွန်ကင်းလွတ်ခွင့်ပြုသည့်ကုန်စည်များ။ |
| ၄၆ | အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Drawback) စနစ်ဖြင့် တင်သွင်းလာသော ကုန်စည်များ။ |

( ခ ) ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှတစ်ပါး အခြားကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ဤဥပဒေ၏ ပုဒ်မ ၁၁ ပါ အထူးကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

( ဂ ) မည်သူမဆို ဤဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသော ကုန်စည်နှင့် ကုန်သွယ်မှု ဆောင်ရွက်ခြင်းမှတစ်ပါး ပုဒ်မ ၁၁ ပါ အထူးကုန်စည်များအပါအဝင် အောက်ဖော်ပြပါ လုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည် -

(၁) ကုန်စည်တင်သွင်း၍ ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်း၊

(၂) ကုန်သွယ်မှုဆောင်ရွက်ခြင်း။

(ဃ) အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများအား ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ -

| စဉ် | ဝန်ဆောင်မှုအမျိုးအမည် |
|---|---|
| **နိုင်ငံခြားရေးကဏ္ဍ** | |
| ၁ | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆိုပြု၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး ခွင့်ပြုထားသည့် နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမူ ကျင့်သုံးသော နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးများ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများကရယူသည့် အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်သည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂ | ပြည်တွင်းရှိကုလသမဂ္ဂအဖွဲ့အစည်းများမှအဖွဲ့အစည်းအမည်ဖြင့် ပြည်တွင်းမှ ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| **ကာကွယ်ရေးကဏ္ဍ** | |
| ၃ | ကာကွယ်ရေးဝန်ကြီးဌာန၏ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းမှ ပုံနှိပ်ထုတ်ဝေမှု ဝန်ဆောင်မှုလုပ်ငန်း။ |
| **သာသနာရေးနှင့်ယဉ်ကျေးမှုကဏ္ဍ** | |
| ၄ | ယဉ်ကျေးမှုအနုပညာ ဝန်ဆောင်မှုလုပ်ငန်း။ |
| **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ** | |
| ၅ | ယာဉ်များရပ်နားရန်နေရာငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၆ | ကုန်စည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ရေးမှအပဖြစ်သည့် ရထား၊ မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ ဝန်ချီစက်များဖြင့် သယ်ပို့ပေးခြင်း)။ |
| ၇ | နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၈ | လမ်းအသုံးပြုခကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၉ | ပြည်တွင်း သို့မဟုတ် ပြည်ပခရီးစဉ်များတွင် ခရီးသည်များကို အဖိုးအခ တစ်ရပ်ရပ်ရယူ၍ လေယာဉ်ဖြင့်ပို့ဆောင်သော ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၀ | အများပြည်သူခရီးသည် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၁ | အစိုးရက ဆောင်ရွက်သည့် စာတိုက်ဝန်ဆောင်မှုလုပ်ငန်း။ |
| **ပညာရေးနှင့် ပြန်ကြားရေးကဏ္ဍ** | |
| ၁၂ | ပညာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၃ | စာအုပ်စာပေ၊ မဂ္ဂဇင်း၊ စာစောင်၊ သတင်းစာထုတ်ဝေရေး ဝန်ဆောင်မှု လုပ်ငန်း။ |
| **ကျန်းမာရေးကဏ္ဍ** | |
| ၁၄ | ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၅ | ရိုးရာအကြောပြင် ဝန်ဆောင်မှုလုပ်ငန်း၊ မျက်မမြင်အကြောပြင် ဝန်ဆောင်မှု လုပ်ငန်း။ |
| ၁၆ | တိရစ္ဆာန်ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၇ | အများသုံးသန့်စင်ခန်း အသုံးပြုခကောက်ခံခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| **စီမံကိန်းနှင့်ဘဏ္ဍာရေးကဏ္ဍ** | |
| ၁၈ | အသက်အာမခံ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၉ | အသေးစားငွေချေးခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၀ | အရင်းအနှီးဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၁ | ဘဏ်နှင့်ဗဟိုဘဏ်မှ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေသော ငွေရေးကြေးရေး ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၂ | အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၃ | အောင်ဘာလေသိန်းထီလုပ်ငန်း။ |
| **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကဏ္ဍ** | |
| ၂၄ | ဧည့်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၅ | နာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၆ | ကလေးသူငယ်ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| **စက်မှုနှင့် လျှပ်စစ်ကဏ္ဍ** | |
| ၂၇ | ကုန်ကြမ်းပေး ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှု လုပ်ငန်းများ။ |
| ၂၈ | စက်မှုလယ်ယာ ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၉ | မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသေးသော ဒေသများအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေသော ပုဂ္ဂလိကအသေးစား လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၃၀ | ဘက်ထရီလျှပ်စစ်သုံးယာဉ်များအတွက် ဘက်ထရီအားသွင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ။ |
| **အထွေထွေကဏ္ဍ** | |
| ၃၁ | နိုင်ငံတော်အဖွဲ့အစည်းများသို့ ဆောင်ရွက်မှုတစ်ရပ်ရပ် လုပ်ကိုင်ခွင့်ရရှိရန် အတွက် ပေးချေရသည့် လိုင်စင်ကြေးများ။ |
| ၃၂ | နိုင်ငံတော်၏ လိုအပ်ချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခွန်ကင်းလွတ်ခွင့်ပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၃၃ | ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၃၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စု လွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူး ဝန်အဖွဲ့ရုံး၊ နေပြည်တော် ကောင်စီရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဦးစီးဌာနစသည့် အဖွဲ့အစည်းအချင်းချင်း ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ကို ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးစေခြင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း များမှ ဝန်ဆောင်မှု ရယူခြင်းမပါ)။ |

( င ) ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မခွဲ (င-၁) ပါ ဝန်ဆောင်မှုလုပ်ငန်းများမှတစ်ပါး ပြည်တွင်း၌ ဆောင်ရွက်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများမှရငွေအပေါ်တွင် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

*စာမျက်နှာ ၁၀ သို့*

*စာမျက်နှာ ၉ မှ*

(င-၁) (၁) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ဆင်းကတ် (SIM Card) ရောင်းချမှုနှင့် ဆင်းကတ်ကို စတင်အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှု (SIM Card Activation) အပေါ် ဆင်းကတ်တစ်ကတ်လျှင် ကျပ်နှစ်သောင်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် တစ်ကြိမ်တည်း ကျသင့်စေရမည်။

(၂) အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းမှရငွေအပေါ် တစ်ဆယ့်ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

( စ ) မည်သူမဆို နိုင်ငံပိုင်မြေအား နှစ်ရှည်ငှားရမ်း၍ဖြစ်စေ၊ နိုင်ငံတော်နှင့် အကျိုးတူ ပူးပေါင်း၍ဖြစ်စေ၊ ပုဂ္ဂလိကပိုင်မြေတွင်ဖြစ်စေ၊ မြေပိုင်ရှင်နှင့် အကျိုးတူပူးပေါင်း၍ဖြစ်စေ အခြေခံအဆောက်အအုံအား တည်ဆောက်ပြုပြင်ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ဆ) ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

( ဇ ) ရွှေထည်လက်ဝတ်ရတနာများ ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း တစ်ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ သို့ရာတွင် ရွှေထည်လက်ဝတ်ရတနာများကို ပြည်တွင်း၌ဝယ်ယူစဉ် သို့မဟုတ် ပြည်ပမှတင်သွင်းစဉ်က ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ပြည်တွင်း၌ရောင်းချစဉ် သို့မဟုတ် ပြည်ပသို့ တင်ပို့စဉ် ပေးဆောင်ရမည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ခုနှိမ်ခွင့်မရှိစေရ။

(ဈ) အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Drawback) စနစ်ဖြင့် တင်သွင်းလာသော ကုန်စည်များကို သတ်မှတ်ကာလအတွင်း ပြန်လည်တင်ပို့ခြင်း မပြုဘဲ ပြည်တွင်းသုံးစွဲခြင်းဖြစ်ပါက မူလကင်းလွတ်ခွင့်ပြုခဲ့သော ကုန်သွယ်လုပ်ငန်းခွန်ကို ပြန်လည်ပေးဆောင်ရမည်။

၁၅။ (က) ပြည်တွင်းပြည်ပအဖွဲ့အစည်းများက လှူဒါန်းငွေ၊ ထောက်ပံ့ငွေ၊ ချေးငွေဖြင့်ဆောင်ရွက်သည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ကုန်သွယ်လုပ်ငန်းခွန်ကိစ္စအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

( ခ ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက် မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ခြင်းမပြုရ -

(၁) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၂) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေစုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၃) ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ရောင်းရငွေစုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၄) အကောက်ခွန်လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များနှင့်အညီ အလျင်အမြန် ပေးပို့ထုတ်ယူလိုသည့် ကုန်စည်များအပေါ် အခွန်အခများ ကင်းလွတ်ခွင့်ပြုနိုင်သည့် အကောက်ခွန်ဦးစီးဌာန၏ အနိမ့်ဆုံးတန်ဖိုးသတ်မှတ်ချက် (De-minimis Value Threshold)။

ရှင်းလင်းချက်။ (၁) နှစ်တစ်နှစ်အတွင်း ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ ဆိုရာတွင် လုပ်ငန်းစတင်သည့် လအပါအဝင် တစ်ဆက်တည်းဖြစ်သည့် နောင်လာမည့် ၁၂ လ အတွင်း ရရှိမည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေကို ဆိုသည်။

(၂) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ စည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ရငွေရှိမည့်သူ သို့မဟုတ် ကုန်သွယ်လုပ်ငန်းခွန်ခုနှိမ်ခွင့် ခံစားလိုသူမည်သူမဆို မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ရမည်။

၁၆။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်တစ်မျိုးမျိုးကို ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် အဆိုပါနိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ဤဥပဒေပါ သက်ဆိုင်ရာ အခွန်နှုန်းများအတိုင်းတွက်ချက်၍ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများနှင့်အညီ ကျပ်ငွေဖြင့်ပေးဆောင်ရမည်။

၁၇။ (က) ပြည်ပသို့တင်ပို့ရောင်းချသည့် လျှပ်စစ်ဓာတ်အားအပေါ် ရှစ်ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံစိမ်းများအပေါ် ငါးရာခိုင်နှုန်းဖြင့်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

( ခ ) ပုဒ်မခွဲ (က) ပါ ကုန်စည်များမှအပ ကျန်ကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် သုညရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကိုဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများတွင် မည်သို့ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့် စပ်လျဉ်း၍ ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကိုဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်ကပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်အောက် လျော့နည်းနေပါက ပြန်အမ်းငွေတောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန်အလို့ငှာ ပြည်တွင်း၌ ဝယ်ယူပြီး ပြည်ပသို့ ယူဆောင်သွားသည့်ကုန်စည်များနှင့် မသက်ဆိုင်စေရ။

( ဂ ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ဝန်ဆောင်မှုရငွေ ပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၈။ ဤဥပဒေ၏ အခန်း (၆) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၇)
## ဝင်ငွေခွန်

၁၉။ (က) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထိ ရရှိသူဖြစ်လျှင် မည်သူ့ကိုမျှ ဝင်ငွေခွန် စည်းကြပ်ခြင်းမပြုရ။ ထိုသို့ စည်းကြပ်ခြင်းမပြုသဖြင့် ကင်းလွတ်ခွင့်ရသည့် လစာဝင်ငွေဆိုင်ရာ သက်သေခံအထောက်အထားကို တောင်းခံလာပါက သတ်မှတ်ချက်များနှင့်အညီ ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးရမည်။

( ခ ) သို့ရာတွင် လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထက် ရရှိသူဖြစ်လျှင် ရရှိသည့် လစာဝင်ငွေ စုစုပေါင်းအပေါ်တွင် ဝင်ငွေခွန်ထမ်းဆောင်ရမည်။

( ဂ ) ကိုဗစ်-၁၉ (Coronavirus Disease 2019) ကပ်ရောဂါကြောင့် နှောင့်နှေးလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှုရှိလာစေရေး အားပေးမြှင့်တင်ရန်အလို့ငှာ လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထက် ရရှိသူဖြစ်လျှင် သို့မဟုတ် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြားရလမ်းများမှ ဝင်ငွေဖြစ်လျှင် မည်သူ့ကိုမဆို စုစုပေါင်းဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေအလွှာအလိုက် စည်းကြပ်ရမည့် အခွန်နှုန်းများကို အောက်ပါအတိုင်းသတ်မှတ်သည် -

| စဉ် | ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| ၁ | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| ၂ | ၂,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၁၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၃၀,၀၀၀,၀၀၁ | ၅၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅ | ၅၀,၀၀၀,၀၀၁ | ၇၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| ၆ | ၇၀,၀၀၀,၀၀၁ နှင့် အထက် | | ၂၅ ရာခိုင်နှုန်း |

(ဃ) ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို မြေငှားရမ်းခြင်း၊ အဆောက်အအုံငှားရမ်းခြင်းနှင့် အခန်းငှားရမ်းခြင်းတို့မှရရှိသော စုစုပေါင်းငှားရမ်းခ ရငွေအပေါ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် သီးခြားစည်းကြပ်ရမည်။ အခြားဝင်ငွေများနှင့် ပူးပေါင်း၍ ထပ်မံစည်းကြပ်ခြင်း မပြုရ။ သို့ရာတွင် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့်ဆောင်ရွက်သော လုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများဖြစ်ပါက အခွန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ပေးထားသော အခွန်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

( င ) အစုစပ်လုပ်ငန်းများဖြစ်ပါက ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ပုဒ်မခွဲ (ဂ) ဇယားပါ အခွန်နှုန်းများဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

( စ ) ဤပုဒ်မပါ အခွန်နှုန်းများသည် ဝင်ငွေရရှိသူတစ်ဦးဦး သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ သီးခြားအခွန်နှုန်း သတ်မှတ်ထားသည့် အခွန်ထမ်းများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့် ညီမျှသောငွေ ဖြစ်ရမည်။ သို့ရာတွင် နှစ်တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုစေရ။

၂၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ သက်သာခွင့် ခွင့်ပြုငွေမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အတူနေမိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊

( ခ ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊

( ဂ ) သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ။

၂၂။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ ပြည်ပနေ နိုင်ငံသား၏ ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေခေါင်းစဉ်မှအပ နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၃။ ကိုဗစ်-၁၉ (Coronavirus Disease 2019) ကပ်ရောဂါကြောင့် နှောင့်နှေးလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှုရှိလာစေရေး အားပေးမြှင့်တင်ရန်အလို့ငှာ -

(က) အောက်ဖော်ပြပါ အခွန်ထမ်းအမျိုးအစားများနှင့်ပတ်သက်၍ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၂၂ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည် -

(၁) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီ အက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့်ကုမ္ပဏီ၊

(၂) ပြည်ပနေနိုင်ငံခြားသား၏ လစာခေါင်းစဉ်မှတစ်ပါး အခြားဝင်ငွေ၊

(၃) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့်ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်း၊

(၄) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

(ခ) အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆–က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ၂၂ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

(ဂ) ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင် အများပိုင်ကုမ္ပဏီများအပေါ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၁၇ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ ထို့ပြင် အဆိုပါကုမ္ပဏီများသည် ယခင်က ဝင်ငွေခွန် အပြည့်အဝ ထမ်းဆောင်ရန် ပျက်ကွက်မှုရှိပါက ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင်သည့် ဘဏ္ဍာရေးနှစ်မတိုင်မီ ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ် (၂)နှစ်အတွက် ဝင်ငွေအမှန်ကိုဖော်ထုတ်၍ ကျသင့်ဝင်ငွေခွန် ပေးဆောင်ရမည်ဖြစ်ပြီး ယင်းကျသင့်ဝင်ငွေခွန်ကို အပြည့်အဝပေးသွင်းပြီး ဖြစ်ပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေအရ ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊ တရားစွဲဆိုခြင်း တို့မှ ကင်းလွတ်ခွင့်ရှိစေရမည်။

၂၄။ (က) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ပုဂ္ဂိုလ်စုဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

(ခ) ပြည်ပနေနိုင်ငံခြားသားဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆–က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်း မပြုရ။ ယင်း၏ စုစုပေါင်းဝင်ငွေအပေါ် လစာခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက ဤဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၅။ (က) ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆–က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ သို့ရာတွင် ကိုဗစ်–၁၉ (Coronavirus Disease 2019) ကပ်ရောဂါကြောင့် နှောင့်နှေးလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှုရှိလာစေရေး အားပေးမြှင့်တင်ရန်အလို့ငှာ နိုင်ငံသားမည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ်ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့် လုပ်ငန်းအသစ် တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့်ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့် ဝင်ငွေရှိပါက ယင်းဝင်ငွေအား နုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေအပေါ်တွင်လည်းကောင်း၊ ဝင်ငွေရလမ်း တင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့် ဝင်ငွေအပေါ်တွင်လည်းကောင်း အောက်ဖော်ပြပါ အခွန်နှုန်းအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။ အသုံးပြုသည့် ဝင်ငွေအားလုံးအပေါ် ဝင်ငွေရလမ်း အတိအကျတင်ပြနိုင်ပါက ဝင်ငွေခွန်ထမ်းဆောင်ရန်မလို။ ဤပုဒ်မအရ အခွန်စည်းကြပ်ခြင်းသည် တရားမဝင်ရရှိသည့် ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့်လည်းကောင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့် ကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ –

| စဉ် | ဝင်ငွေ(ကျပ်) | | ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| ၁ | ၁ | ၃၀၀,၀၀၀,၀၀၀ | ၃ ရာခိုင်နှုန်း |
| ၂ | ၃၀၀,၀၀၀,၀၀၁ | ၆၀၀,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၆၀၀,၀၀၀,၀၀၁ | ၁,၀၀၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၁,၀၀၀,၀၀၀,၀၀၁ | ၃,၀၀၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅ | ၃,၀၀၀,၀၀၀,၀၀၁ နှင့်အထက် | | ၃၀ ရာခိုင်နှုန်း |

(ခ) ပုဒ်မခွဲ (က) ပါ စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေဆိုသည်မှာ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မတိုင်မီ စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေကို ဆိုသည်။

(ဂ) ပုဒ်မခွဲ (က) ပါ အခွန်နှုန်းများသည် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိသာ အကျိုးသက်ရောက်စေရမည်။

(ဃ) ပုဒ်မခွဲ (က) ပါ အခွန်နှုန်းများကို နိုင်ငံတော်၏ စီးပွားရေးအခြေအနေနှင့် နိုင်ငံတကာ သက်ရောက်မှုအခြေအနေများကိုသုံးသပ်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြင်ဆင်သတ်မှတ်မှုများကို ဆောင်ရွက်ရန်လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြရမည်။

၂၆။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်းများ၏အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆–က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဤဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၇။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆–က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ –

(က) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါက အောက်တွင်မြတ်စွန်းငွေနှင့် ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်း ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည် –

| မြတ်စွန်းငွေ | ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း |
|---|---|
| (၁) ညီမျှကျပ်သန်းပေါင်း (၁၀၀,၀၀၀) အထိ | ၄၀ ရာခိုင်နှုန်း |
| (၂) ညီမျှကျပ်သန်းပေါင်း (၁၀၀,၀၀၀) အထက်မှ (၁၅၀,၀၀၀) အထိ | ၄၅ ရာခိုင်နှုန်း |
| (၃) ညီမျှကျပ်သန်းပေါင်း (၁၅၀,၀၀၀) အထက် | ၅၀ ရာခိုင်နှုန်း |

(ခ) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သော ကုမ္ပဏီမှအပဖြစ်သည့် ပုဂ္ဂိုလ်စုများ သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ကျသင့်အခွန်ကို ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။

၂၈။ နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် အခြေပစ္စည်းမှ မြတ်စွန်းငွေပေါ်ပေါက်စေကာမူ ဝင်ငွေခွန် မကျသင့်စေရ။

၂၉။ ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ပြည်တွင်းထုတ်လုပ်မှုကို အခြေခံသည့် အသစ်ထူထောင်သော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများ သို့မဟုတ် အသေးစားစက်မှုလက်မှုလုပ်ငန်းများအတွက် လုပ်ငန်းစတင်သော နှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလအတွင်း နှစ်တစ်နှစ် စုစုပေါင်းအသားတင်အမြတ် ဝင်ငွေကျပ်သိန်း ၁၅၀ ထိ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါဝင်ငွေထက် ပိုမိုရရှိပါက ပိုမိုရရှိသည့် ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန်စည်းကြပ်ရမည်။

၃၀။ အခြေပစ္စည်းမှမြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေ နိုင်ငံခြားသားဖြစ်ပါက ကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ရရှိသည့်ငွေကြေးအမျိုးအစားဖြင့်လည်းကောင်း ဝင်ငွေခွန်ပေးဆောင်ရမည်။

၃၁။ (က) အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်အပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည် –

(၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၊

(၂) တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၊

(၃) နိုင်ငံတော်မှချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးတံဆိပ်များနှင့်အတူရရှိသည့် ချီးမြှင့်ငွေများ၊

(၄) ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင်နိုင်ငံခြားငွေဖြင့်ရရှိသော လစာခေါင်းစဉ်မှ ဝင်ငွေ၊

(၅) အစိုးရအောင်ဘာလေသိန်းဆု ဆုမဲမှ ထုတ်ယူရရှိငွေ၊

(၆) အငြိမ်းစားယူသည့်အခါ ရရှိသည့်ပင်စင်၊ ပင်စင်မှပြောင်းလဲ၍ ရရှိသောငွေနှင့် လုပ်သက်ဆုငွေ (Gratuity)၊

(၇) ရှေးဟောင်းပစ္စည်းတွေ့ရှိမှုအပေါ် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ငွေ။

(ခ) အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များပြုနိုင်သည်–

(၁) ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ၊

(၂) ငွေချေးသက်သေခံလက်မှတ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ။

၃၂။ ဤဥပဒေ၏ အခန်း (၇) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်းဖြစ်စေရမည်။

## အခန်း (၈)
## ရတနာခွန်

၃၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၈ အရ အောက်ဇယားပါ ကျောက်မျက်ရတနာများကို ရောင်းချခြင်းဖြစ်ပါက အမှန်တကယ်ရောင်းချသည့် တန်ဖိုးအပေါ်တွင်လည်းကောင်း၊ အမှန်တကယ် ရောင်းချသည့် တန်ဖိုးအပေါ်အခြေပြု၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းက သတ်မှတ်သည့် ရောင်းဈေးတန်ဖိုးအပေါ်တွင်လည်းကောင်း၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးအပေါ်တွင်လည်းကောင်း ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း ရတနာခွန် ကျသင့်စေရမည်။ ကောက်ခံရရှိသည့် ရတနာခွန်နှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာန၏ သက်ဆိုင်ရာ ဘဏ်စာရင်းသို့ လွှဲပြောင်းပေးသွင်းရမည် –

| စဉ် | ကျောက်မျက်ရတနာအမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁ | ကျောက်စိမ်းအရိုင်းများ။ | ၁၁ ရာခိုင်နှုန်း |
| ၂ | ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာအရိုင်းများ။ | ၉ ရာခိုင်နှုန်း |
| ၃ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာအချောထည်များ၊ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာများ စွဲကပ်ထားသည့် လက်ဝတ်ရတနာ အချောထည်များ။ | ၅ ရာခိုင်နှုန်း |
| ၄ | ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းများ။ | ၅ ရာခိုင်နှုန်း |

## အခန်း (၉)
## အခြားအခွန်အကောက်ဆိုင်ရာကောက်ခံရမည့်နှုန်းထားများ

၃၄။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါ အခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့် နှုန်းထားများ၊ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည် –

(က) ယစ်မျိုးခွန်၊

*စာမျက်နှာ ၁၂ သို့*

*စာမျက်နှာ ၁၁ မှ*

(ခ) သွင်းကုန်အတွက် လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊

(ဂ) မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊

(ဃ) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊

(င) ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊

(စ) ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင်၊ ဧည့်လမ်းညွှန် လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊

(ဆ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းမှ ရရှိသည့် အခကြေးငွေများ၊

(ဇ) အကောက်ခွန်၊

(ဈ) မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊

(ည) ရေခွန်၊

(ဋ) တာတမံခွန်၊

(ဌ) သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်သစ်တောခွန်၊

(ဍ) ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊

(ဎ) ငါးလုပ်ငန်းဆိုင်ရာအခွန်အခ၊

(ဏ) ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊

(တ) ဓာတ်သတ္တုခွန်နှင့် တွင်းဝခွန်၊

(ထ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊

(ဒ) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊

(ဓ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံရရှိသည့်အခွန်။

**အခန်း (၁၀)**

**အထွေထွေ**

၃၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း ထုတ်လုပ်သည့်ကုန်စည်များနှင့် ပြည်ပမှ တင်သွင်းသည့် ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက်လည်းကောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိကမှီတည်ဆောင်ရွက်နေရသည့် ပြည်တွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ရေရှည်အကျိုးစီးပွားဖြစ်ထွန်းတိုးတက်လာစေရန်လည်းကောင်း နိုင်ငံတော်မှ ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကို ဆောင်ရွက်ပေးရမည် -

(က) ကုန်စည်များ တင်သွင်းခွင့်ပြုသည့်ပမာဏ၊ အကောက်ခွန်နှုန်းများနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့နှင့် အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များမူဘောင်အတွင်းမှ အာဆီယံဒေသတွင်း နိုင်ငံများနည်းတူ အမြင့်ဆုံးရရှိနိုင်သည့်အခွင့်အရေး၊ သက်သာခွင့်များရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ခ) အကောက်ခွန်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ ပို့ကုန်သွင်းကုန် ခွင့်ပြုခြင်းနှင့် ခွဲတမ်းသတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ လိုအပ်သည့် အစီအမံများကို ဆောင်ရွက်ပေးခြင်း။

၃၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် ရတနာခွန် ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် သက်သာခွင့်ပေးခြင်းကို ဆောင်ရွက်နိုင်သည်။

၃၈။ (က) ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာသက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာ တာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်းနှင့် ထိုက်သင့်သော ချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးရမည်။

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အခွန်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပုဒ်မခွဲ(က)ပါ လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၌ ပြည်တွင်းအခွန်များဦးစီးဌာန၏ သာမန်အသုံးစရိတ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးနိုင်သည်။

(ဂ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပုဒ်မခွဲ (ခ) ပါ အသုံးစရိတ်များအား အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းတာဝန်ကျေပွန်သည့် နိုင်ငံ့ဝန်ထမ်းများကို ဆုကြေးငွေချီးမြှင့်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲနိုင်သည်။

၃၉။ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် အောက်ဖော်ပြပါ ကောက်ခံရဒဏ်ကြေးငွေများ၏ ၂၀ ရာခိုင်နှုန်းကို သတင်းပေးတင်ပြသူအားလည်းကောင်း၊ ၃၀ ရာခိုင်နှုန်းကို ရှာဖွေဖမ်းဆီးသူအားလည်းကောင်း ဆုကြေးအဖြစ်ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်းမပြုရ -

(က) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် အထူးကုန်စည်များနှင့် စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူနှင့် သတ်မှတ်အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်သည့် အထူးကုန်စည် ထုတ်လုပ်သူတို့အပေါ် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (စ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေများ၊

(ခ) ကျန်အထူးကုန်စည်များနှင့်စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူအပေါ် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ။

၄၀။ (က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ (စ) တွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကို ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန်ပျက်ကွက်ခြင်း သို့မဟုတ် ပြေစာအား ထုတ်ပေးသော်လည်း ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများဖြင့် သတ်မှတ်ထားသော ကျသင့်အခွန်တန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့ကို မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက ယင်းသို့ပျက်ကွက်ခြင်းအတွက် ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားတန်ဖိုးအပေါ် ထပ်မံပေးဆောင်ရမည့်အခွန်၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်စေရမည့်အပြင် ပျက်ကွက်မှုအကြိမ်အလိုက် အောက်ပါငွေပမာဏကိုပါ ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည် -

(၁) ပထမအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၁၀ သိန်း၊

(၂) ဒုတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၂၀ သိန်း၊

(၃) တတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၃၀ သိန်း၊

(၄) တတိယအကြိမ်အထက် ပျက်ကွက်ခြင်းအတွက် ကျပ်သိန်း ၆၀။

(ခ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိဘဲရောင်းချကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော ကုန်စည်ကို လက်ရှိပိုင်ဆိုင်ထားခြင်းအတွက် လက်ဝယ်ထားရှိသူက ယင်းကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

၄၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ဖော်ပြပါ ကောက်ခံရဒဏ်ကြေးငွေများနှင့်စပ်လျဉ်း၍ ဆုကြေးငွေချီးမြှင့်ခြင်းကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည် -

(က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကိုထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း၊ ပြေစာအား ထုတ်ပေးသော်လည်း ကျသင့်အခွန်တန်ဖိုးနှင့် ညီမျှသော အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့အတွက် ဤဥပဒေပုဒ်မ ၄၀၊ ပုဒ်မခွဲ (က) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ၊

(ခ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရန် သတ်မှတ်ထားသော ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့်အတိုင်း အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိဘဲ ရောင်းချခြင်းအတွက် ဤဥပဒေ ပုဒ်မ ၄၀၊ ပုဒ်မခွဲ (ခ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ။

၄၂။ ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းအတွက် သက်ဆိုင်ရာဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ အကူးအပြောင်းကာလအတွင်း အခွန်ကောက်ခံမှုဆိုင်ရာလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနသည် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၃။ နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့်စပ်လျဉ်း၍ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်၊ လိုက်နာကျင့်သုံးရန် သတ်မှတ်ချက်၊ အများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက် စသည်တို့သည် ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ဇယား (၁)

**ပြည်ထောင်စု၏အခွန်အကောက်များကောက်ခံရန် မူလလျာထားချက်**

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရ၏ တာဝန်ခံဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၂၃ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၃,၇၈၃,၅၆၆.၂၄၀** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၁,၄၇၄.၈၆၀ |
| | ၂ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၂,၃၀၃,၃၇၅.၆၀၈ |
| | ၃ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | သွင်းကုန်အတွက်လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊ | ၆,၂၆၅.၀၀၀ |
| | ၄ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊ | ၄၄,၁၈၁.၇၂၀ |
| | ၅ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊ | ၁၆၆,၅၅၇.၁၁၄ |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊ | ၉၈,၂၀၃.၅၈၆ |
| | ၇ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်၊ ဧည့်လမ်းညွှန် လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊ | ၅၀၅.၁၈၄ |
| | ၈ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အထူးကုန်စည်ခွန်၊ | ၁,၁၃၈,၃၂၀.၉၀၆ |
| | ၉ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ရတနာခွန်၊ | ၁၇,၆၈၂.၂၆၂ |
| | ၁၀ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းမှရရှိသည့် အခကြေးငွေများ၊ | ၇,၀၀၀.၀၀၀ |

*စာမျက်နှာ ၁၃ သို့*

စာမျက်နှာ ၁၂ မှ

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရ၏ တာဝန်ခံဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၂၃ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၂ | | | **ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၃,၀၀၀,၇၆၇.၉၁၈** |
| | ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန်၊ | ၃,၀၀၀,၇၆၇.၉၁၈ |
| ၃ | | | **အကောက်ခွန်** | **၄၆၀,၀၀၀.၀၀၀** |
| | ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန်၊ | ၄၆၀,၀၀၀.၀၀၀ |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၈၀၇,၇၇၁.၂၉၇** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊ | ၄၃.၀၉၈ |
| | ၂ | နေပြည်တော်ကောင်စီ | ရေခွန်၊ | ၅၁.၁၁၃ |
| | ၃ | ပြည်ထဲရေးဝန်ကြီးဌာန | တာတမံခွန်၊ | ၀.၃၃၆ |
| | ၄ | သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန | သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊ | ၃,၈၄၄.၇၀၈ |
| | ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊ | ၅၆.၆၅၀ |
| | ၆ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ငါးလုပ်ငန်းဆိုင်ရာအခွန်အခ၊ | ၅,၀၀၃.၃၀၀ |
| | ၇ | စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ | ၆၂၆,၁၇၅.၆၂၄ |
| | ၈ | သယံဇာတနှင့်သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့်တွင်းဝခွန်၊ | ၃၁,၃၆၃.၀၀၀ |
| | ၉ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန | ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊ | ၁၂၆,၇၀၄.၈၃၀ |
| | ၁၀ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ရေအားအရင်းအမြစ်မှ လျှပ်စစ် ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊ | ၁၂,၇၅၈.၄၇၂ |
| | ၁၁ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံရရှိသည့်အခွန်။ | ၁,၇၇၀.၁၆၆ |
| | | | စုစုပေါင်း | ၈,၀၅၂,၁၀၅.၄၅၅ |



## ပလက်ဝမြို့နယ် မြိတ်ဝကျေးရွာရှိ ယာယီခိုလှုံရာစခန်း၌ ခေတ္တခိုလှုံနေထိုင်လျက်ရှိသော ယာယီတိုက်ပွဲရှောင် အိမ်ထောင်စုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို ထောက်ပံ့ငွေနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဧပြီ ၄**

ချင်းပြည်နယ် ပလက်ဝမြို့နယ်၊ မြိတ်ဝကျေးရွာရှိ ယာယီခိုလှုံရာစခန်း၌ ခေတ္တခိုလှုံနေထိုင်လျက်ရှိသော ယာယီတိုက်ပွဲရှောင် အိမ်ထောင်စုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို ထောက်ပံ့ငွေနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်ရင်း ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ယာယီတိုက်ပွဲရှောင် အိမ်ထောင်စုဝင်များအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သည့် ငွေကျပ် သိန်း ၁၅၀ ကျော်နှင့် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ပံ့သည့် စားသောက်ကုန်ပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အင်းလေးကန်အတွင်း ရေပေါ်သင်္ကြန်ပွဲတော် ကျင်းပမည်

**ညောင်ရွှေ ဧပြီ ၄**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဒေသအတွင်း ၁၃၈၄ ခုနှစ် ရေပေါ်သင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေပေါ်သင်္ကြန်ပွဲတော်အား ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ နန်းပန်မြို့အနီး ရေပြင်ပေါ်ရှိ ခေတ်ဆန်းယဉ်ရေကစားမဏ္ဍပ်၌ နိုင်ငံကျော်အဆိုတော်များ၊ အနုပညာရှင်များ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ အကအလှများ၊ သင်္ကြန်ယိမ်းအကအဖွဲ့များ၏ တင်ဆက်ဖျော်ဖြေမှုများ၊ စေတနာရှင်အလှူရှင်များ၏ စတုဒိသာအလှူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

## မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်တွင် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပမည်

**နေပြည်တော် ဧပြီ ၄**



နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်သည် ဌာနကြီးမှူးများနှင့် ဌာနမှူးများ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းက နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

မြန်မာသက္ကရာဇ် ၁၃၈၄-၁၃၈၅ ခု၊ မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်တွင် နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို မဟာသင်္ကြန်ပွဲတော်အကြိုနေ့ နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်ရာ ဝန်ကြီးဌာနများ၊ ခရိုင်/မြို့နယ်များမှ ယိမ်းအကအဖွဲ့ ၃၈ ဖွဲ့မှ အင်အား ၆၀၈ ဦးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ စုစုပေါင်း အင်အား ၁၀၀၀ ခန့်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံကျော်သရုပ်ဆောင်များ၊ အဆိုတော်များနှင့် ယိမ်းအကအဖွဲ့များ၏ အကအလှများဖြင့် ဖျော်ဖြေရေးအစီအစဉ်နှင့် ရေပက်ကစားခြင်းတို့ စတင်ဆောင်ရွက်မည်ဖြစ်ပြီး သင်္ကြန်အကျနေ့၊ အကြတ်နေ့၊ အတက်နေ့များတွင်လည်း နေ့စဉ် နံနက်ပိုင်း ၉ နာရီမှ ၁၂ နာရီ အထိလည်းကောင်း၊ မွန်းလွဲ ၃ နာရီမှ ညနေ ၆ နာရီအထိလည်းကောင်း ဖျော်ဖြေရေးနှင့် ရေကစားခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် သင်္ကြန်အကြိုနေ့မှစ၍ ပျဉ်းမနား-တောင်ညို လမ်းမပေါ်တွင် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန် မဏ္ဍပ်အနီးမှ စည်ပင်ဧည့်ရိပ်သာ လမ်းဆုံအထိ နေပြည်တော် (လမ်းလျှောက်သင်္ကြန်ပွဲတော်)ကို ဇုန်လေးခု သတ်မှတ်၍ တိုင်းရင်းသားရိုးရာသင်္ကြန်အစီအစဉ်များ၊ ဝန်ကြီးဌာနများမှ သင်္ကြန်မဏ္ဍပ်များ၊ ဖျော်ဖြေရေး အစီအစဉ်များ၊ လူငယ်နှင့် ကလေးများအတွက် ဆပ်ပြာအမြှုပ်နှင့် ရောင်စုံအမှုန့်များ ပက်ဖျန်းကစားသည့် အစီအစဉ်များ၊ ဂိမ်းကစားစရာများ၊ DJ Party များ၊ စားသောက်ဆိုင်နှင့် ဈေးဆိုင်ခန်းများ၊ နားနေရန်နေရာများကို ယခုနှစ်တွင် ထူးခြားခမ်းနားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်ကိုင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို တပ်မတော် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်

**နေပြည်တော် ဧပြီ ၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရောက်ရှိနေသော တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့သည် ယနေ့တွင် စစ်ကိုင်းမြို့နယ် မင်းကွန်းကျေးရွာအုပ်စု မင်းကွန်းဗုဒ္ဓဘာသာဘိုးဘွားရိပ်သာ၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ စုစုပေါင်း ၃၅၁ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၁၆ ဦး၊ ခွဲစိတ်ရောဂါ ၄၀ ၊ ကလေးရောဂါ ကိုးဦး၊ သားဖွားမီးယပ်ရောဂါ ခြောက်ဦး၊ အရိုးရောဂါ ၂၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၄ ဦး၊ မျက်စိရောဂါ ၁၁၁ ဦး၊ သွားရောဂါ ၂၃ ဦးနှင့် အခြားရောဂါ ခြောက်ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့အနက်မှ မျက်စိခွဲစိတ်လူနာ လေးဦးတို့ကို ရွေ့လျားခွဲစိတ်ယာဉ်ဖြင့် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၂၂ ဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၉၇ ဦးတို့ကို ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်နှင့် ရွေ့လျားဓာတ်ခွဲခန်းယာဉ်တို့ဖြင့် ရောဂါရှာဖွေ စမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူ တစ်ဦးကို နီးစပ်ရာတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။ ၎င်းအပြင် ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများ စားသောက်ရေးအဆင်ပြေစေရန်အတွက် တာဝန်ရှိသူများက နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် နယ်မြေခံတပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မေခရီစီးပွားရေးဆိုင်ရာ သုတေသနလုပ်ငန်းခွင်သင်တန်းသို့ တက်ရောက်ခဲ့သူများက အသိပညာဖလှယ်ရေး ဆွေးနွေးပွဲအခမ်းအနားကျင်းပ



နေပြည်တော် မေ ၄

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုသင်တန်းကျောင်း၌ ကျင်းပသော စင်ကာပူသမ္မတနိုင်ငံ အာဆီယံ+၃ မေခရီစီးပွားရေး သုတေသနရုံး (AMRO)တွင် မေခရီစီးပွားရေးဆိုင်ရာ သုတေသနလုပ်ငန်းခွင်သင်တန်း (AMRO Secondment Program) သို့ တက်ရောက်ခဲ့ကြသည့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် ပြည်တွင်းအခွန်များဦးစီးဌာနတို့မှ အရာထမ်းနှစ်ဦးတို့က ၎င်းတို့၏ လေ့လာသင်ကြားမှုအတွေ့အကြုံများ ဆွေးနွေးဖလှယ်သည့် အခမ်းအနားသို့ တက်ရောက်သည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ပြီး အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းများအား စိစစ်ရွေးချယ်၍ ပြည်ပသို့ ပညာတော်သင်များစေလွှတ်ခြင်း၊ ပြန်လည်ရောက်ရှိသည့် အခါတွင်လည်း သင်ယူလေ့လာရရှိခဲ့သည့် ပညာရပ်ဆိုင်ရာ ဆည်းပူးလေ့လာမှုအတွေ့အကြုံများကို ပြန်လည်မျှဝေခြင်း၊ လက်တွေ့လုပ်ငန်းနယ်ပယ်များတွင် ပေါင်းစပ်အသုံးချခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ယနေ့ကျင်းပပြုလုပ်သည့် အစီအစဉ်သည် ယင်းသို့ ဆောင်ရွက်မှုများအနက် အစီအစဉ်တစ်ခုဖြစ်သည်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုသင်တန်းကျောင်းကို ၂၀၂၀ ပြည့်နှစ်တွင် စတင်တည်ထောင် ဖွင့်လှစ်နိုင်ခဲ့ပြီး ဝန်ထမ်းများအတွက် ဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများ၊ ဗဟုသုတမျှဝေခြင်း အစီအစဉ်များကို စဉ်ဆက်မပြတ် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့ အခမ်းအနားတွင် AMRO ၌ လုပ်ငန်းခွင်သင်တန်း တက်ရောက်ခဲ့ကြသူများက လုပ်ငန်းခွင်သင်တန်းကာလအတွင်း လေ့လာဆည်းပူးခဲ့သည့်ကိစ္စ၊ လုပ်ငန်းခွင်အတွေ့အကြုံများ၊ မေခရီစီးပွားရေး လေ့လာစောင့်ကြည့်မှုဆောင်ရွက်ချက်များ၊ နိုင်ငံအလိုက် မေခရီစီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှုအစီရင်ခံစာ ရေးသားပုံများ စသည်တို့နှင့်စပ်လျဉ်း၍ လက်တွေ့ လုပ်ငန်းခွင်များတွင် ပါဝင်ဆောင်ရွက်မှု အတွေ့အကြုံများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်း ဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ခြုံငုံသုံးသပ် ဆွေးနွေးခဲ့သည်။ အာဆီယံ+၃ မေခရီစီးပွားရေး သုတေသနရုံး (ASEAN+3 Macro-economic Research Office-AMRO) ကို ၂၀၁၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး အာဆီယံနိုင်ငံများနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများ၏ မေခရီ စီးပွားရေးအခြေအနေဖြစ်ပေါ်တိုးတက်မှုများကို လေ့လာစောင့်ကြည့်၍ ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်တို့နှင့် ပူးပေါင်းပြီး ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဖြစ်ပေါ်တိုးတက်မှုများနှင့် ချိတ်ဆက်လျက် အဖွဲ့ဝင်နိုင်ငံများသို့ စီးပွားရေးမူဝါဒပိုင်းဆိုင်ရာ အကြံဉာဏ်များပေးလျက်ရှိသည်။ AMRO ရုံး၏ လေ့ကျင့်သင်ကြားရေး အစီအစဉ်အရ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့မှ ရွေးချယ်ခံရသော အရာထမ်းများအား လုပ်ငန်းခွင်လေ့ကျင့်ရေး တစ်နှစ်သင်တန်းကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့ ဆွေးနွေးပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းအကြီးအကဲများ၊ အဆင့်မြင့်အရာထမ်းများ၊ ယခင်နှစ်များတွင် AMRO Secondment Program သို့တက်ရောက်ခဲ့ကြသူ အရာထမ်းများအားလုံးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံတကာသတင်းများ

# ကမ္ဘောဒီးယားဝန်ကြီးချုပ် (၄) ကြိမ်မြောက် မဲခေါင်မြစ်ကော်မရှင်အဖွဲ့ အစည်းအဝေးတက်ရောက်ရန် လာအိုနိုင်ငံသို့ ထွက်ခွာ




ဖနောင်ပင် မေ ၄

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်ချိုဟွန်ဆင်သည် (၄) ကြိမ်မြောက် မဲခေါင်မြစ်ကော်မရှင်အဖွဲ့ အစည်းအဝေးတက်ရောက်ရန် လာအိုနိုင်ငံ ဗီယန်ကျင်းသို့ မေ ၄ ရက်က ထွက်ခွာခဲ့သည်။

အဆိုပါအစည်းအဝေးသည် မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများဖြစ်သည့် လာအို၊ ကမ္ဘောဒီးယား၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ခေါင်းဆောင်များကို အတူတကွစုံစည်းစေကြောင်း တာဝန်ရှိသူတစ်ဦးက ဖနောင်ပင် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

ထို့အပြင် အဆိုပါအစည်းအဝေးတွင် မဲခေါင်မြစ်ကော်မရှင်အဖွဲ့၏ ထင်သာမြင်သာရှိသည့် တိုးတက်အောင်မြင်မှုများကို ပြန်လည်သုံးသပ်ဆွေးနွေးကြမည်ဖြစ်သည်။ ခေါင်းဆောင်များသည် မဲခေါင်မြစ်ဝှမ်းအတွင်း ဖြစ်ပေါ်လာနိုင်သည့် စိန်ခေါ်မှုများကို ဆွေးနွေးသွားမည်ဖြစ်သည်။

ဆင်ဟွာ

# ကမ္ဘာ့ရေနံဈေးကွက် တည်ငြိမ်မှုရှိရေး ရေနံထုတ်လုပ်သူများကို ဂျပန်နိုင်ငံ တောင်းဆိုသွားမည်



တိုကျို မေ ၄

မကြာသေးမီက ရေနံထုတ်လုပ်သည့်နိုင်ငံများက ရေနံထုတ်လုပ်မှုပမာဏလျှော့ချမည်ဟု ထုတ်ပြန်ကြေညာလိုက်ပြီးနောက် ဂျပန်အစိုးရအနေဖြင့် ကမ္ဘာ့ရေနံဈေးကွက် တည်ငြိမ်မှုရှိစေရေး လုပ်ဆောင်ရန်အတွက် အဆိုပါနိုင်ငံများကို တိုက်တွန်းသွားဖွယ်ရှိကြောင်း ဂျပန်အစိုးရအဖွဲ့အတွင်းဝန်ချုပ် မာဆူနို ဟိရိုကာဇူက ပြောသည်။

အိုပက်ဟု လူသိများသည့် ရေနံတင်ပို့သော နိုင်ငံများအဖွဲ့အစည်း၏ အဖွဲ့ဝင်များနှင့် ၎င်း၏ မိတ်ဖက်များက လာမည့်လမှစတင်ကာ နှစ်ကုန်အထိ ရေနံထုတ်လုပ်မှုပမာဏကို သိသိသာသာ လျှော့ချသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။ ထို့အပြင် အိုပက်ပလပ်စ်၏ အဖွဲ့ဝင်ဖြစ်သော ရုရှားနိုင်ငံကလည်း နှစ်ကုန်အထိ ရေနံထုတ်လုပ်မှုပမာဏ လျှော့ချမှုကို တိုးမြှင့်သွားမည်ဖြစ်ကြောင်း ပြောသည်။

ထိုကဲ့သို့ လုပ်ဆောင်ခြင်းက ရောင်းလိုအားနှင့် ဝယ်လိုအားကြား ညီမျှမှုကို ထိခိုက်စေနိုင်ပြီး ရေနံဈေး ဆက်လက်မြင့်တက်နိုင်ကြောင်း မေ ၄ ရက်တွင် အတွင်းဝန်ချုပ် မာဆူနို ဟိရိုကာဇူက သတင်းထောက်များကို ပြောသည်။ ထို့အပြင် အစိုးရအနေဖြင့် ကမ္ဘာ့စွမ်းအင်ဈေးကွက်နှင့် ဂျပန်နိုင်ငံ၏ စီးပွားရေးအပေါ် သက်ရောက်မှုကို အနီးကပ်စောင့်ကြည့်သွားမည် ဖြစ်ကြောင်းလည်း ၎င်းက ဖြည့်စွက်ပြောသည်။

ဆွေးနွေးညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါပုံကို သတိပေးရေးအတွက် ဂျပန်အစိုးရအနေဖြင့် နိုင်ငံတကာစွမ်းအင်အေဂျင်စီနှင့် အခြားအဓိကရေနံသုံးစွဲသူများနှင့် ညှိနှိုင်းဆောင်ရွက်မှု မြှင့်တင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။ **အင်န်အိတ်ချ်ကေ**

# လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများကြောင့် တစ်တော့ခ်ကို ဩစတြေးလျ တားမြစ်ပိတ်ပင်

ကင်ဘာရာ မေ ၄

အစိုးရဌာနများနှင့် အေဂျင်စီများမှထုတ်သော ကိရိယာများတွင် ဗီဒီယိုမျှဝေသည့် တစ်တော့ခ်အက်ပလီကေးရှင်းကို တားမြစ်ပိတ်ပင်နေပြီဖြစ်ကြောင်း ဩစတြေးလျနိုင်ငံက ထုတ်ပြန်ကြေညာလိုက်သည်။ တာဝန်ရှိသူများက လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကြောင့် အဆိုပါအက်ပလီကေးရှင်းကို ဖယ်ရှားနေပြီဖြစ်ကြောင်း ပြောသည်။

ထောက်လှမ်းရေးနှင့် လုံခြုံရေးဆိုင်ရာအေဂျင်စီများ၏ အကြံဉာဏ်လက်ခံရရှိပြီးနောက် မလိုက်နာမနေရ ညွှန်ကြားချက်ကို ထုတ်ပြန်လိုက်ကြောင်း ရှေ့နေချုပ် မာ့ခ်ဒရိုင်းဖာစ်က ပြောသည်။ အဆိုပါ ညွှန်ကြားချက်သည် သက်ရောက်မှုရှိလာတော့မည်ဖြစ်ကြောင်း သိရသည်။

ဥရောပသမဂ္ဂနှင့် အမေရိကန်၊ ဗြိတိန်တို့ ပါဝင်သော နိုင်ငံအများအပြားသည် သတင်းအချက်အလက် ပေါက်ကြားနိုင်မှုရှိသည့်အပေါ် စိုးရိမ်မှုရှိသည့်အတွက် တစ်တော့ခ်ကို ပိတ်ပင်ထားပြီးဖြစ်သည်။

အင်န်အိတ်ချ်ကေ

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

## ဓာတ်ခွဲအတည်ပြုလူနာများ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ တစ်ဦးရှိ

**(၄-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၁၉၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၉၀,၁၀၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၄,၀၈၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၅၆၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေး နည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၄-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၆၀ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၀ | ၂၃၁၀ | ၂၃၃၅ | ၂၃၁၅ | ၂၂၉၅ | ၂၃၉၅ | ၂၄၁၀ | ၂၃၀၀ | ၂၃၁၀ | ၂၃၄၅ | ၂၃၅၀ | ၂၃၅၀ | ၂၅၈၀ | ၂၈၁၀ |
| 95 Ron | ၂၃၂၀ | ၂၃၇၀ | ၂၃၆၅ | ၂၃၃၀ | ၂၃၆၅ | ၂၃၉၀ | ၂၃၇၅ | ၂၃၅၀ | ၂၄၅၀ | ၂၄၆၅ | ၂၃၆၀ | ၂၃၇၅ | ၂၄၀၅ | ၂၄၀၅ | ၂၄၁၀ | ၂၆၃၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၅၅ | ၂၂၀၅ | ၂၂၀၀ | ၂၁၆၅ | ၂၂၀၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၉၀ | ၂၃၁၀ | ၂၃၀၅ | ၂၁၉၅ | ၂၂၀၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၄၅ | ၂၄၇၅ | ၃၁၀၀ |
| HSD (50 ppm) | ၂၂၃၅ | ၂၂၈၅ | ၂၂၈၀ | ၂၂၄၅ | ၂၂၈၅ | ၂၃၀၅ | ၂၃၀၀ | ၂၂၇၀ | ၂၃၉၀ | ၂၃၈၅ | ၂၂၇၅ | ၂၂၈၅ | ၂၃၂၀ | ၂၃၂၀ | ၂၃၂၅ | ၂၅၅၅ | ၃၁၃၀ |
| HSD (10 ppm) | ၂၂၃၅ | ၂၂၈၅ | ၂၂၈၀ | ၂၂၄၅ | ၂၂၈၅ | ၂၃၀၅ | ၂၃၀၀ | ၂၂၇၀ | ၂၃၉၀ | ၂၃၈၅ | ၂၂၇၅ | ၂၂၈၅ | ၂၃၂၀ | ၂၃၂၀ | ၂၃၂၅ | ၂၅၅၅ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၄၉ | ၂၂၂၆ |
| 95 Ron | ၂၂၀၄ | ၂၂၈၂ |
| HSD (500 ppm) | ၂၀၅၀ | ၂၁၂၀ |
| HSD (50 ppm) | ၂၁၂၄ | ၂၁၉၆ |
| HSD (10 ppm) | ၂၁၂၄ | ၂၁၉၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင် အမျိုးသားငါးဦးနှင့် အမျိုးသမီးသုံးဦးတို့ကို ၎င်း၏မိဘအုပ်ထိန်းသူထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် မေ ၄**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယနေ့ မွန်းလွဲတွင်လည်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် နယ်မြေခံသင်တန်းကျောင်းခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်း အခမ်းအနားကို ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်နှင့် သာစည်မြို့နယ်များအတွင်းရှိ PDF အဖွဲ့ဝင် အမျိုးသား ငါးဦးနှင့် အမျိုးသမီး သုံးဦးတို့ကို ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူထံသို့ လွှဲပြောင်းအပ်နှံပေးပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။



PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်မည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG နှင့်ဆက်သွယ်၍ Federal School of Aung Myay Thar Zan အမည်ဖြင့် Online မှတစ်ဆင့် တရားမဝင်ပညာသင်ကြားမှုများကို ဦးဆောင်သူ အိရွှေစင်မြင့် အပါအဝင် ၁၅ ဦး ဖမ်းဆီးရမိ


**နေပြည်တော် မေ ၄**

နိုင်ငံတော်အစိုးရ၏ ပညာရေးစနစ် ပျက်ပြားစေရန်ရည်ရွယ်၍ အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG ၏နောက်ကွယ်မှ အားပေးအားမြှောက်မှု ရယူကာ Federal School of Aung Myay Thar Zan အမည်ဖြင့် တရားမဝင် ပညာသင်ကြားခြင်းအား Online စနစ်ဖြင့် ဆောင်ရွက်နေကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ စိစစ်ဖော်ထုတ်မှုများပြုလုပ်ခဲ့ရာ မတ် ၂၂ ရက်တွင် Federal School of Aung Myay Thar Zan ၏ ကျောင်းတာဝန်ခံ အိရွှေစင်မြင့် ကို မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ၎င်း၏ နေအိမ်၌ ဖမ်းဆီးရမိသည်။

**စစ်ဆေးဖော်ထုတ်ချက်များအရ ထပ်မံဖမ်းဆီးရမိ**

အဆိုပါဖမ်းဆီးရမိ တရားခံ အိရွှေစင်မြင့် ကို စစ်ဆေးဖော်ထုတ်ချက်များအရ တရားမဝင် Federal School of Aung Myay Thar Zan တွင် သင်ကြားရေး ဆောင်ရွက်နေသော တင်တင်လတ်၊ စန်းစန်းဝင်း၊ ခိုင်မာသန်း၊ နေကြည်ဝင်း၊ ခင်ကြည်မာဝေ၊ အေးမြတ်မွန်၊ ကျော်စန်းထွေး၊ ဇော်မျိုးထွန်း၊ ခင်နွယ်ဦး၊ ယဉ်ယဉ်မင်း၊ ခင်မြတ်နိုး၊ ခိုင်မာဖြိုး၊ အိအိအောင်နှင့် ချောစုသန်း စုစုပေါင်း ၁၄ ဦးတို့ကို ၎င်းတို့နေအိမ်အသီးသီး၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG ၏ စေခိုင်းချက်ဖြင့် Federal School of Aung Myay Thar Zan အား ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ စတင်၍ Online စနစ်ဖြင့် ဖွင့်လှစ်သင်ကြားခဲ့ကြောင်း၊ ကျောင်းသား ကျောင်းသူများထံမှ ကောက်ခံရသည့် ငွေကြေးများအား ရဟန်းသံဃာများ၊ ဆရာဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများကို ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်း၊ နိုင်ငံတော်ပိုင် အဆောက်အဦများ မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်နေသည့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသို့ထောက်ပံ့ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။



အကြမ်းဖက် NUG မှ ဖွင့်လှစ်ထားသည့် Federal School of Aung Myay Thar Zan ၌ Online စနစ်ဖြင့် တရားမဝင်စာသင်ကြားပေးနေသည့် တရားခံများ

အိရွှေစင်မြင့်
(ကျောင်းတာဝန်ခံ)

တင်တင်လတ်
စန်းစန်းဝင်း
ခိုင်မာသန်း
နေကြည်ဝင်း
ခင်ကြည်မာဝေ
အေးမြတ်မွန်
ကျော်စန်းထွေး
ဇော်မျိုးထွန်း
ခင်နွယ်ဦး
ခိုင်မာဖြိုး
ယဉ်ယဉ်မင်း
ခင်မြတ်နိုး
အိအိအောင်
ချောစုသန်း

**တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်**

သို့ဖြစ်၍ Federal School of Aung Myay Thar Zan အမည်ရှိ တရားမဝင် စာသင်ကြားမှုတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ဖမ်းဆီးရမိတရားခံ ၁၅ ဦးကို ဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ငွေကြေးထောက်ပံ့မှု၊ ပူးပေါင်းပါဝင်ဆောင်ရွက်နေသူများကိုလည်း ဖော်ထုတ်ဖမ်းဆီး၍ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့အပြင် တရားမဝင် ပညာသင်ကြားမှု အစီအစဉ်တွင် စာရင်းပေးသွင်း၍ အတန်းများ တက်ရောက်စေခဲ့သော မိဘများနှင့် ကျောင်းသား ကျောင်းသူများကိုပါ ဆက်လက်ဖော်ထုတ်၍ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

**တရားမဝင်စာသင်ကျောင်းများတွင် ကျောင်းအပ်နှံခြင်းမပြုရန်**

မိဘပြည်သူများ အနေဖြင့် မိမိတို့၏ သားသမီးများအား နိုင်ငံတော်အစိုးရက ဖွင့်လှစ်ထားသော စာသင်ကျောင်းများတွင်သာ ကျောင်းအပ်နှံ တက်ရောက်စေရေး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် တရားမဝင်စာသင်ကျောင်းများတွင် ကျောင်းအပ်နှံခြင်းမပြုရန်၊ တရားမဝင်စာသင်ကြားမှုပြုလုပ်နေသည့် စာသင်ကျောင်းများနှင့် ပတ်သက်၍ သတင်းရရှိပါက သက်ဆိုင်ရာသို့ လျို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့ ဇိနမာရ်အောင်အလိုတော်ပြည့်စေတီတော် ရွှေထီးတော်အထွတ်တင်လှူ ပူဇော်ပွဲတက်ရောက်

**မြစ်ကြီးနား ဧပြီ ၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရွှေစက်ရပ်ကွက်ရှိ ဓမ္မရံသီကျောင်းတိုက်ကျောင်းဝင်းအတွင်း တည်ထားကိုးကွယ်တော်မူသော ဇိနမာရ်အောင် အလိုတော်ပြည့်စေတီတော် ရွှေထီးတော်အထွတ်တင်လှူပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၄ ရက် နံနက် ၇ နာရီခွဲက အဆိုပါကျောင်းဝင်းအတွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက်ပူဇော်သည်။

ရှေးဦးစွာ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရွှေကြုတ်တော် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက် ဦးစီးပဓာနနာယက၊ ပြည်နယ်သံဃနာယကအဖွဲ့ အကျိုးဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တကေတုမာလာ အမှူးပြုသော ဆရာတော်၊ သံဃာတော်များထံမှ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်နန်ဆိုင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ အလှူရှင်များနှင့် တက်ရောက်လာကြသည့် ဒေ့ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ရွှေထီးတော်အထွတ်တင်လှူ ပူဇော်နိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က စိန်ဖူးတော်အားလည်းကောင်း၊ **(အပေါ်ပုံ)** ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ဇနီးတို့က ဟင်္သာတော်အားလည်းကောင်း၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်တို့က ရွှေကြုတ်တော်နှင့် ငှက်မြတ်နားတော်များကိုလည်းကောင်း၊ အလှူရှင်များက အရံစေတီတော် ရှစ်ဆူ၏ ထီးတော်များကိုလည်းကောင်း လှူဒါန်းဆက်ကပ်ကြပြီး ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များနှင့် အနုမောဒနာတရားတော်များ နာယူကာ ပြည်နယ်ဝန်ကြီးချုပ်က အလှူရှင်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။



ယင်းနောက် စေတီတော်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေကြုတ်တော်၊ ရွှေဟင်္သာတော်များကို အလှူရှင်များ၊ ကုသိုလ်ကောင်းမှုပြုသူများနှင့်အတူ ရွှေထီးတော်အထွတ်တင်လှူခြင်းနှင့် အရံစေတီတော်များ၏ ထီးတော်များ တင်လှူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းကြကာ ဆရာတော်၊ သံဃာတော်များအား အလှူရှင်များက ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများကို လောင်းလှူပူဇော်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

# ရခိုင်ပြည်နယ်၌ ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**စစ်တွေ ဧပြီ ၄**

၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃) ကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်း အစည်းအဝေးတွင် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ် က မဟာသင်္ကြန်ပွဲတော်တွင် ပြည်သူများ လုံခြုံစိတ်ချစွာဖြင့် စည်းကမ်းတကျ ပျော်ပျော်ရွှင်ရွှင် ဆင်နွှဲနိုင်ရန် မိမိတို့အစိုးရအဖွဲ့အပြင် ဌာနဆိုင်ရာများတွင်လည်း တာဝန်ရှိပါကြောင်း၊ ပျော်ရွှင်မှုကိုတားဆီးခြင်းမဟုတ်ဘဲ စည်းကမ်းတကျ ပျော်ရွှင်နိုင်အောင် ထိန်းကျောင်းပေးစေလိုကြောင်း၊ ကော်မတီအသီးသီးတွင် ပါဝင်ဆောင်ရွက်ကြမည့် ဌာနဆိုင်ရာများအနေဖြင့် ယခင်နှစ်များက အတွေ့အကြုံကောင်းများ၊ အားသာချက်များ၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ကာ မဟာသင်္ကြန်ပွဲတော်ကို ယခင်နှစ်များထက် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန် ပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် ပြန်လည်ဖွဲ့စည်းမည့် လုပ်ငန်းကော်မတီများနှင့်စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌများက ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ရိုးရာ သင်္ကြန်ပူဇော်ပွဲကျင်းပရေးကော်မတီသို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသည့် ငွေကျပ် ၂၂၀၀၀၀၀ နှင့် စစ်တွေမြို့ မိဇ္ဈိမရပ်ကွက် ကမ်းနားလမ်းတွင် ကျင်းပမည့် ရခိုင်ရိုးရာသင်္ကြန်မဏ္ဍပ်အတွက် ထောက်ပံ့ငွေကျပ် ၂၅၀၀၀၀၀ တို့ကို တာဝန်ရှိသူများထံ ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က တင်ပြဆွေးနွေးချက်များအပေါ် ပြန်လည်ဆွေးနွေးသည်။

စစ်တွေမြို့တွင် မဟာသင်္ကြန်ပွဲတော်ကို ရခိုင်ရိုးရာနံ့သာသွေးပွဲ၊ ဘုရားရေသပ္ပာယ်ပွဲ၊ ဗဟိုမဏ္ဍပ်ဖွင့်ပွဲ၊ ပိတ်ပွဲနှင့် သင်္ကြန်ပူဇော်ပွဲများဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**


မြန်မာ့အလင်း

| | |
|---|---|
| **စာတည်းမှူးချုပ်** | - အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - မြင့်စိုး |
| **သတင်းထောက်မှူး** | - ခင်ရတနာ |
| **စာတည်းများ** | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| **ဘာသာပြန် စာတည်း** | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| **အကြီးတန်း သတင်းထောက်များ** | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **အငယ်တန်း သတင်းထောက်များ** | - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| **ဓာတ်ပုံ သတင်းထောက်** | - တင်စိုး |
| **သုတေသန** | - အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၄ - ၄ - ၂၀၂၃

### ရွှေ

| | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် | ၂၃၂၇၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် | ၂၃၃၀၃၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၈၀ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၇၈ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

### စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၀၆၅ ကျပ် | ၂၁၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၄၅ ကျပ် | ၂၁၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၀၅ ကျပ် | ၂၁၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၈၅ ကျပ် | ၂၂၃၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၉၄ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၈၃ . ၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၁ . ၃၆၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၈၀ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၆ . ၆၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၅ . ၂၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၅၅၄ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၀၀၀ | ၈၀၀၀ | ၈၄ | ၆၇၂၀၀၀ |
| MTSH | ၃၀၅၀ | ၃၀၅၀ | ၂၄၂ | ၇၃၈၁၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၄၅၀ | ၁၅၀၀ | ၃၈၂၆ | ၅၇၁၅၀၀၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၄ | ၁၀၀၀၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၁ | ၂၆၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

◆ *ကျောဖုံးမှ*

ရှင်းလင်းပွဲခန်းမ၌ ကျင်းပရာ နှစ်ဖက် အသင်းနည်းပြချုပ်များနှင့် အသင်းခေါင်းဆောင်တို့ တက်ရောက်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း နည်းပြချုပ် ဒေါ်သက်သက်ဝင်းက "အသင်းကို ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းကတည်းက စတင်ပြင်ဆင်ခဲ့ပြီး လိဂ်မှာခြေစွမ်းပြနေတဲ့ ကစားသမားတွေနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ အိုလံပစ်ခြေစစ်ပွဲအပြင် လာမယ့်လမှာ ယှဉ်ပြိုင်ရမယ့် ဆီးဂိမ်းပြိုင်ပွဲအတွက် တစ်ပေါင်းတည်း ပြင်ဆင်နေတာဖြစ်ပါတယ်။ အရင်တုန်းက အုပ်စုသုံးပွဲကစားရမှာဖြစ်လို့ တရုတ်ခြေစမ်းခရီးစဉ်မှာ အခုခြေစစ်ပွဲ ကစားရမယ့်ပုံစံမျိုး ပြင်ဆင်ခဲ့ပေမယ့် အခု ဘင်္ဂလားဒေ့ရှ်နဲ့ မော်လ်ဒိုက်အသင်း နုတ်ထွက်သွားတာကြောင့် အီရန်အသင်းနဲ့ပဲ ကစားရတော့မှာပါ။ အီရန်အသင်းက အရင်ကထက် တိုးတက်လာသလို ကစားပုံလည်း မာကျောတာကြောင့် သေချာပြင်ဆင်ပြီး အာရုံစိုက်ကစားသွားမှာပါ။ ပထမအကျော့ကတည်းက ပြတ်သားတဲ့ ရလဒ်တစ်ခုရအောင် ယှဉ်ပြိုင်သွားမှာပါ။ အသင်းရဲ့ လက်ရှိအနေအထားကို အားရသလို ကွင်းလယ်နဲ့ တိုက်စစ်ပိုင်းကို ပိုပြီးကျေနပ်ပါတယ်" ဟု ပြောကြားသည်။

အီရန် အသင်းနည်းပြချုပ် မာယန်းက "မြန်မာအသင်းက အသင်းကောင်း တစ်သင်းဖြစ်ပြီး ကစားသမားကောင်းတွေလည်း ပိုင်ဆိုင်ထားပါတယ်။ မြန်မာအသင်းရဲ့ ကစားပုံတွေကိုလည်း လေ့လာထားပါတယ်။ နောက်တစ်ဆင့်တက်ဖို့ မျှော်လင့်ထားတာကြောင့် အကောင်းဆုံး ယှဉ်ပြိုင်ကစားမှာပါ။ မြန်မာနိုင်ငံကို လာရောက်တဲ့အချိန်မှာ အကောင်းဆုံး ဧည့်ဝတ်ကျေပွန်တဲ့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ပြောကြားသည်။

**ရဲရင့်လွင်**
**ဓာတ်ပုံ – သော်လေး**

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

❖ *ကျောဖုံးမှ*

ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြသည်။

**စက်သုံးဆီအလုံအလောက်ရှိ**

စက်သုံးဆီတင် သင်္ဘောကြီးများ မြန်မာနိုင်ငံသို့ရောက်ရှိမှုနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းရောင်းချ ဖြန့်ဖြူးရေးအသင်း၊ ပြန်ကြားရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ကျော်က "အခုလက်ရှိသီလဝါ Terminal နဲ့ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ စက်သုံးဆီအခြေအနေကို တင်ပြရမယ်ဆိုရင် မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာ 92 ဆိုရင် ၄၃၃၇၄၀၅ ဂါလန်ရှိပါတယ်။ 95 မှာဆိုရင် ၁၀၄၈၀၅၁၄ ဂါလန်ရှိပါတယ်။ 97 မှာဆိုရင် ၁၇၂၇၄၀၃ ဂါလန်ရှိပြီး ဒီဇယ်မှာဆိုရင် ၃၀၉၃၂၉၉ ဂါလန် ရှိပါတယ်။ ပရီမီယံကတော့ ၂၉၇၈၉၄၅ ဂါလန် ဒီနေ့ စာရင်းဖွင့်ကန်တိုင်းတွေ အရဖြစ်ပါတယ်။ ရက်အနေနဲ့ ပြောမယ်ဆိုရင်တော့ 97 ကလွဲရင် ရက်သုံးဆယ်အတွက် အကုန်လုံး ကျန်ရှိနေပါတယ်။ လေးလပိုင်း ၁၅ ရက်အတွင်းမှာတော့ သင်္ဘောအစင်းရေ ၁၃ စင်းလောက် ရောက်ရှိမှာဖြစ်ပါတယ်။ တန်အရေအတွက် ပြောရရင်တော့ ၂၁၈၀၁၄ တန်ဖြစ်ပါတယ်။ ဂါလန်အရဆိုရင်တော့ ၆၀၈၃၇၃၀၈ ဂါလန် ၁၅ ရက်အတွင်း ရောက်ရှိမှာ ဖြစ်ပါတယ်။ အနီးစပ်ဆုံး ရောက်ရှိမှာကတော့ ၅ ရက်နေ့မှာဆိုရင် တန် ၁၆၀၀၀၊ ဂါလန်အနေအထားအရ ၄၇၉၃၉၂၀ ဂါလန်ဝင်မှာ ဖြစ်ပြီးတော့ ၅ ရက်အတွင်းမှာ သင်္ဘောသုံးစင်းဝင်ဖို့ရှိပါတယ်။ ဒီကနေ့ သီလဝါ ဆိပ်ကမ်းဒေသက Terminal များမှာ သိုလှောင်ထားရှိတဲ့ စက်သုံးဆီလက်ကျန် အခြေအနေကတော့ 92 RON ဂါလန် ၄၁ သန်းကျော်၊ 95 RON ဂါလန် ၁၀ သန်းကျော်၊ 97 RON ဂါလန် ၁ ဒသမ ၇ သန်းကျော်၊ ဒီဇယ်ဆီ ဂါလန် ၁၉ သန်းကျော်၊ ပရီမီယံ ဒီဇယ်ဂါလန် ၁၈ သန်းကျော်ရှိနေပါတယ်"ဟု ပြောကြားသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းကြီးကြပ်ရေးဦးစီးဌာနမှ ဦးနိုင်ဝင်းထွန်းက စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ၏ တာဝန်ပေးအပ်ချက်အရ စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနမှ စစ်ဆေးရေးအရာရှိချုပ် ဦးဆောင်သော ဝန်ထမ်းများနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ဝန်ထမ်းများအနေနဲ့ သီလဝါဆိပ်ကမ်းဒေသရှိ စက်သုံးဆီသိုလှောင်ကန်စခန်း Jetty များသို့




သီလဝါဆိပ်ကမ်းရှိ ဆီသိုလှောင်ကန်များကို တွေ့ရစဉ်။

ရောက်ရှိ ဆိုက်ကပ်လာသည့် စက်သုံးဆီ တင်ဆောင်လာသော Tanker များတွင် စက်သုံးဆီပါရှိမှုနှင့် Terminal သိုလှောင်ကန်များမှလက်ခံရရှိမှုတို့ကို တိုင်းတာခြင်းနှင့် Terminal များမှ စက်သုံးဆီ အရောင်းဆိုင်များနှင့် အခြားကဏ္ဍများသို့ စက်သုံးဆီ ဖြန့်ဖြူးပေးမှုများကို အနီးကပ်ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ သီလဝါ Terminal များမှ စက်သုံးဆီဖြည့်တင်းပြီး ထွက်ခွာသွားသည့် ဆီတင်ယာဉ်များသည် စက်သုံးဆီအရောင်းဆိုင်များသို့ အမှန်တကယ် ရောက်ရှိခြင်း ရှိ၊ မရှိနှင့် စက်သုံးဆီ အရောင်းဆိုင်များတွင် သတ်မှတ် ရည်ညွှန်းဈေးနှုန်းအတိုင်း ရောင်းချခြင်း ရှိ၊ မရှိတို့ကို ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများမှ ကြီးကြပ်စစ်ဆေးလျက်ရှိကြောင်း၊ စက်ရုံ၊ အလုပ်ရုံများနှင့် အခြားကဏ္ဍလုပ်ငန်းများအတွက်လည်း စက်သုံးဆီများကို ခွင့်ပြုပေးလျက်ရှိပြီး စက်သုံးဆီ အလုံအလောက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကိုယ်စားလှယ် လုပ်ငန်းဌာန မန်နေဂျာ ဦးဖြိုးဇော်လွင်က "ကျွန်တော်တို့က သင်္ဘောတွေဝင်တာထွက်တာတွေကို ကျွန်တော်တို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကနေ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလိုမျိုး စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာမှာ လစဉ် သင်္ဘောအစင်းရေ ၃၀ နဲ့အထက်ကို ဝင်ရောက်လျက်ရှိပါတယ်။ ဒီလိုဝင်တဲ့အခါမှာလည်း ကျွန်တော်တို့ နှောင့်နှေးကြန့်ကြာမှု မရှိအောင် ရေကြောင်း အခြေအနေပေါ်မူတည်ပြီးတော့ နေ့ညအချိန်မရွေး ဝင်ထွက်နိုင်အောင် ကျွန်တော်တို့ စီစဉ်ဆောင်ရွက်ပေးလျက် ရှိပါတယ်။ မတ်လမှာဆိုရင် သင်္ဘောအစီးရေ ၃၂ စင်းဝင်ပြီးတော့ ဆီအတင်အချလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါတယ်။ ဧပြီလမှာဆိုရင်တော့ ၄ ရက်နေ့အထိကို သင်္ဘော ငါးစင်းဝင်ပြီးတော့ ကုန်တင်ကုန်ချလုပ်ငန်းဆောင်ရွက်သွားပါတယ်။ အခုလက်ရှိ တံတားတွေမှာ သင်္ဘောသုံးစင်း ကပ်ပြီးတော့ ဆီအတင်အချ လုပ်ငန်းတွေ ဆောင်ရွက်လျက် ရှိပါတယ်။ ရှေ့ဆက်ပြီးတော့လည်း ကျွန်တော်တို့ ဆိပ်ကမ်းကို သင်္ဘောဝင်ရောက်ဖို့အတွက် သတင်းပေးပို့ထားတဲ့ သင်္ဘောအစင်းရေကတော့ သင်္ဘောရှစ်စင်းနဲ့ ၁၀ စင်းကြားမှာရှိပါတယ်။ သင်္ဘောတွေရဲ့ အနေအထားအရတော့ စင်ကာပူတို့၊ မလေးရှားတို့ကနေ ကုန်တင်လုပ်ငန်း ပြီးသွားတော့မှပဲ ကျွန်တော်တို့ဆီကို အကြောင်းကြားတာ ဖြစ်တဲ့အတွက်ကြောင့် ဒါကတော့ လောလောဆယ် ရှစ်စင်းနဲ့ ၁၀ စင်းအကြားပါ။ လက်ရှိအများဆုံးကတော့ စင်ကာပူနိုင်ငံကနေ တင်သွင်းလျက်ရှိပါတယ်" ဟု ပြောကြားသည်။

**စီစဉ်ဆောင်ရွက်**

မြန်မာနိုင်ငံတွင် စက်သုံးဆီ သုံးစွဲသူများ အဆင်ပြေ စိတ်ချမ်းသာစွာ သုံးစွဲနိုင်ရန်အတွက် သင်္ကြန်မတိုင်မီနှင့် သင်္ကြန်ပြီးကာလများတွင်လည်း စက်သုံးဆီ Tanker များ စဉ်ဆက်မပြတ် ဝင်ရောက်နိုင်ရန် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ထားရှိကြောင်း မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းရောင်းချ ဖြန့်ဖြူးရေးအသင်းမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ– ကိုကိုဇော်**

## တိမ်ကောပျက်စီးနေသော ရှေးဟောင်းသမိုင်းဝင် မြင်းခုန်နိုင်ကန်ကြီးအား စက်ယန္တရားကြီးများဖြင့် ကိုယ်ထူ ကိုယ်ထ ပြန်လည်တူးဖော်

**တောင်တွင်းကြီး မေ ၄**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် တရုတ်ကောအုပ်စု သဖန်းကုန်းကျေးရွာ လေးဒေါင့်ကန်ကွင်းအတွင်းရှိ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ခန့်က ရှေးလူကြီးများတူးဖော်ခဲ့သော ရှေးဟောင်းသမိုင်းဝင် မြင်းခုန်နိုင်ကန်ကြီးအား ကျေးရွာပြည်သူများ စုပေါင်းကာ စက်ယန္တရားကြီးများဖြင့် ကိုယ်ထူ ကိုယ်ထ ပြန်လည်တူးဖော်ခြင်းကို ယမန်နေ့နံနက်ပိုင်းက စတင်ဆောင်ရွက်လျက်ရှိသည်။

"အရင်တုန်းကလည်း ဒီကန်ကြီးကိုတူးဖော်ခဲ့ဖူးတယ်။ အခုလိုတော့ စက်ယန္တရားတွေနဲ့ မတူးဖော်နိုင်ခဲ့ဘူး။ အခုကျေးရွာအုပ်ချုပ်ရေးအဖွဲ့တွေ၊ ကျေးရွာ နာယကတွေနဲ့ တိုင်ပင်ညှိနှိုင်းပြီးတော့ ကိုယ်ထူ ကိုယ်ထအဖြစ် စက်ယန္တရားနဲ့တူးဖော်နေတာဖြစ်ပါတယ်။ ကန်တူးတာကနေ ထွက်လာတဲ့မြေတွေကို ရွာအဝင်လမ်းမကြီးကိုမြေဖို့ပါတယ်။ တစ်ဖက်ကလည်း ကန်တူးပြီးသားဖြစ်တယ်။ လမ်းအတွက်လည်း အဆင်ပြေသွားတယ်။ ကန်အောက်မှာရှိတဲ့ လယ်သမားတော်တော်များများရဲ့လယ်ဧက ၁၂၀ ကျော်ကိုလည်း စိုက်ပျိုးရေဖူလုံစွာရရှိမှာဖြစ်သလို မွေးမြူထားတဲ့ ကျွဲ၊ နွား၊ သိုး၊ ဆိတ်တွေအတွက် သောက်သုံးရေလည်း ဖူလုံစွာရရှိမှာ ဖြစ်ပါတယ်"ဟု သဖန်းကုန်းကျေးရွာမှ တောင်သူဦးစိုးမြင့်က ပြောကြားသည်။

အဆိုပါ မြင်းခုန်နိုင်ကန်ကြီးသည် နှစ်ဧကခန့် ကျယ်ဝန်းပြီး နှစ်ပေါင်းများစွာ ပြုပြင်ထိန်းသိမ်းမှုမရှိခြင်းကြောင့် ယခုအခါသဲနုန်းများဖြင့်တိမ်ကောပျက်စီးနေ၍ တောင်သူလယ်သမားများစိုက်ပျိုးရေ




အခက်အခဲများ နှစ်စဉ်ကြုံတွေ့ခံစားနေရသဖြင့် အုပ်စုအုပ်ချုပ်ရေးမှူး ဦးခင်မောင်တိုးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ကန်ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကြီးကြပ်၍ ကန်ရေသောက်တောင်သူ လယ်သမားများ စုပေါင်းကာ စက်ယန္တရားကြီးများဖြင့် ကိုယ်ထူကိုယ်ထ တူးဖော်နေခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် လမ်းလျှောက်သင်္ကြန် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

၁၃၈၄ ခုနှစ်၊ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အား Royal Apex မှ ကြီးမှူး၍ ဝင်ကြေးအခမဲ့ဖြင့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ သင်္ကြန်ပွဲတော်ရက်များအတွင်း နေ့စဉ် နံနက် (၉) နာရီမှ ည (၁၀) နာရီအထိ ရေပက်မဏ္ဍပ်များတွင် ရေကစားခြင်းများအပြင် ဖျော်ဖြေရေးအစီအစဉ်များနှင့် လမ်းလျှောက်သင်္ကြန် ပြုလုပ်၍ သင်္ကြန်မုန့်မျိုးစုံ၊ အအေး၊ အသီးဖျော်ရည်များ စတုဒိသာကျွေးမွေးမှုအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ အများပြည်သူများ လာရောက်ဆင်နွှဲနိုင်ပါရန် အသိပေးနှိုးဆော် ဖိတ်ခေါ် အပ်ပါသည်။

Royal Apex


## မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် သင်္ကြန်ယိမ်းအဖွဲ့များ ရိုက်ကူးရေးဆောင်ရွက်

နေပြည်တော် မေ ၄

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီ ရိုးရာမပျက် ကျင်းပနိုင်ရန်၊ ပြည်သူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊ ပြည်သူများ မိမိတို့ ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်း လန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏ တာဝန်များကို စွမ်းအားပြည့် ဆောင်ရွက်နိုင်ကြစေရန်၊ မြန်မာမှု မြန်မာ့ဟန် မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများဖြင့် နိုင်ငံတစ်ဝန်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖျော်ဖြေရေးမဏ္ဍပ်များနှင့် ရေကစားမဏ္ဍပ်များ ဆောက်လုပ်လျက်ရှိကြသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့်လည်း ပြည်သူများ စိတ်အပန်းဖြေစေရန် "ခါသင်္ကြန် အဆို၊ အက" အစီအစဉ်တင်ဆက်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ ဌာနဆိုင်ရာများ၊ တက္ကသိုလ် နှင့် ကျောင်းများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ သင်္ကြန်ယိမ်းအဖွဲ့များသည် နေပြည်တော် (တပ်ကုန်း) နှင့် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရိုက်ကူးရေးဆောင်ရွက်လျက်ရှိသကဲ့သို့ ဌာနဆိုင်ရာများ၊ တက္ကသိုလ်နှင့် ကျောင်းများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ သင်္ကြန်ယိမ်းအဖွဲ့များသည်လည်း သက်ဆိုင်ရာ နေရာများအလိုက် သင်္ကြန်တေးသီချင်းများဖြင့် ယိမ်းအကများ ဇာတ်တိုက်လေ့ကျင့်လျက် ရှိကြသည်။

ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် (တပ်ကုန်း) ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သင်္ကြန်ယိမ်းအဖွဲ့များသည် "လှပတင့်တယ် ဟန်မူကြွယ် စီးပွားကူးသန်း ပျိုဖြူမယ်" နှင့် "ခွန်းဆက်ခြွေတဲ့နွေ" တေးသီချင်းတို့ဖြင့် လည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ သင်္ကြန်ယိမ်းအဖွဲ့များသည် "အိပ်မက်စေတမန်" နှင့် "ဒဂုံမောင်" တေးသီချင်းတို့ဖြင့် လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနမှ သင်္ကြန်ယိမ်းအဖွဲ့များသည် "တစ်နှစ်နွမ်း တစ်နှစ်ဆန်း" နှင့် "နွေမ" တေးသီချင်းတို့ဖြင့် လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သင်္ကြန်ယိမ်းအဖွဲ့များသည် "ဆောက်လုပ်ရေးမှ ကြိုနေမယ်" တေးသီချင်းဖြင့်လည်းကောင်း ရိုက်ကူးရေး ဆောင်ရွက်ကြသည်။

ထို့နောက် ယိမ်းအဖွဲ့များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်ရေး လုပ်ငန်းများတွင် အသုံးပြုခဲ့သည့် အသုံးအဆောင်နှင့် စက်ပစ္စည်းများ၊ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းစဉ် ခင်းကျင်းပြသထားမှုများ၊ မြန်မာ့ရိုးရာနှင့် ခေတ်ပေါ်တူရိယာများ ခင်းကျင်းပြသထားမှုတို့ကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

ထို့ပြင် မြန်မာတို့၏ ရိုးရာသင်္ကြန်ကို ပေါ်လွင်အောင်ဆင်နွှဲရင်း ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းကာ စည်းကမ်းတကျ ပျော်ပျော်ရွှင်ရွှင် ဖြစ်စေရန်နှင့် အဆင့်မီသော သင်္ကြန်တစ်ခုဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် နေပြည်တော်တွင် လမ်းလျှောက်သင်္ကြန် အစီအစဉ်ကို တိုင်းရင်းသားသင်္ကြန်၊ လူငယ် Game သင်္ကြန်၊ သနပ်ခါးသင်္ကြန်စသည်ဖြင့် ကလေး၊ လူငယ်၊ လူကြီးများ အားလုံးပျော်ရွှင်စေရန် ကဏ္ဍများစွာ ထည့်သွင်း၍ဆောင်ရွက်လျက်ရှိသည့်အပြင် ဝန်ကြီးဌာန မဏ္ဍပ်များမှ ရေကစားမဏ္ဍပ်များလည်း ပူးပေါင်းပါဝင်ဆင်နွှဲရန် ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




### ပြန်ကြားရေးဝန်ကြီးဌာန
### မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
### စက်ပစ္စည်းများဝယ်ယူရန်အတွက်
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူမည်ဖြစ်ပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်ပါသည် -

| | | |
|---|---|---|
| (က) | Convergence News Room အား နှစ်စဉ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း (Service Level Agreement) | 1 Lot |
| ( ခ ) | MRTV Radio Playout Automation System အား နှစ်စဉ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း (Service Level Agreement) | 1 Lot |
| ( ဂ ) | Presentation I & II ရှိ HD Playout System အား နှစ်စဉ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း (Service Level Agreement) | 1 Lot |
| (ဃ) | AVI West ၏ Hardware နှင့် Software ပိုင်းဆိုင်ရာများကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း(Service Level Agreement) | 1 Lot |
| ( င ) | MRTV Archiving System များအတွက် Service Level Agreement နှင့် Upgrading လုပ်ငန်းများ ဆောင်ရွက်ခြင်း | 1 Lot |
| ( စ ) | MRTV တပ်ကုန်း(ရုံးချုပ်)ရှိ Aircon System(Chiller) အစိတ်အပိုင်းကို အစားထိုးပြုပြင်ခြင်း | 1 Lot |
| (ဆ) | SD မှ HD စနစ်သို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းစဉ်အတွက် Presentation 3 နှင့် Presentation 4 တို့တွင် 4 Channel Playout တပ်ဆင်ခြင်း | 1 Lot |
| ( ဇ ) | Free to Air Channel များ တိုးချဲ့ထုတ်လွှင့်ရန်အတွက် တပ်ကုန်း(ရုံးချုပ်) ရှိ News Studio I အား SD မှ HD စနစ်သို့ အဆင့်မြှင့်တင်ခြင်းအတွက် လုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်း | 1 Lot |
| ( ဈ ) | Direct to Home Network(DTH) တစ်ခုကို Nationwide အနေဖြင့် ကြည့်ရှုနိုင်ရန် လိုအပ်သောစက်ပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်း | 1 Lot |
| (ည) | Studio A (ရန်ကုန်)အတွက် လိုအပ်သော စက်ပစ္စည်းများဝယ်ယူခြင်း | |
| | (၁) 4K Ready Camera & Accessories | (2 Sets) |
| | (၂) PA System Complete Set | (1 Lot) |
| ( ဋ ) | Studio 2(ရန်ကုန်)အတွက် လိုအပ်သော Lighting ပစ္စည်းများဝယ်ယူခြင်း | 1 Lot |
| ( ဌ ) | ရုပ်မြင်သံကြားလုပ်ငန်းသုံးပစ္စည်းများ | 32 Items |
| ( ဍ ) | ရုံးလုပ်ငန်းသုံးပစ္စည်းများ | 14 Items |
| ( ဎ ) | တီးဝိုင်းလုပ်ငန်းသုံးပစ္စည်းများ | 2 Items |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၅-၄-၂၀၂၃)ရက်နေ့မှ (၄-၅-၂၀၂၃)ရက်နေ့အထိ ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် အမှတ်စဉ်(က၊ ခ၊ ဂ၊ င၊ ဈ၊ ဋ၊ ဍ) တင်ဒါဖောင်(၇)စောင်အတွက် (၁)စောင်လျှင် ငွေကျပ် ၁၀,၀၀၀/- နှုန်းဖြင့် လည်းကောင်း၊ အမှတ်စဉ်(စ၊ ဇ၊ ည) တင်ဒါဖောင်(၃)စောင်အတွက် (၁)စောင်လျှင် ငွေကျပ် ၁၅,၀၀၀/- နှုန်းဖြင့် လည်းကောင်း၊ အမှတ်စဉ်(ဃ)အတွက် တင်ဒါဖောင် (၁)စောင်လျှင် ငွေကျပ် ၂,၀၀၀/- နှုန်းဖြင့်လည်းကောင်း၊ အမှတ်စဉ်(ဆ)အတွက် တင်ဒါဖောင် (၁)စောင်လျှင် ငွေကျပ် ၅၀,၀၀၀/- နှုန်းဖြင့်လည်းကောင်း၊ အမှတ်စဉ်(ဌ)အတွက် တင်ဒါဖောင် (၁)စောင်လျှင် ငွေကျပ် ၃၀,၀၀၀/- နှုန်းဖြင့်လည်းကောင်းနှင့် အမှတ်စဉ်(ဎ)အတွက် တင်ဒါဖောင် (၁)စောင်လျှင် ငွေကျပ် ၅,၀၀၀/- နှုန်းဖြင့် လည်းကောင်း လာရောက်ဝယ်ယူနိုင်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ ညွှန်ကြားချက်နှင့်အညီ ကုမ္ပဏီ(၁)ခုလျှင် (၁)ဦးသာ လာရောက်ဝယ်ယူပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါ လာရောက်တင်သွင်းရာတွင် နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)များကို သီးခြားစီခွဲ၍ (၅-၅-၂၀၂၃) ရက်နေ့ နံနက်(၉:၃၀)နာရီမှ ညနေ(၁၆:၀၀)နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)သို့ လာရောက်ပေးသွင်းကြပါရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါအာမခံကြေးအဖြစ် တင်ဒါတစ်ခုချင်းစီ၏ တင်ဒါတင်သွင်းမည့်ပစ္စည်းတန်ဖိုး ၁% အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုမှ PG(Performance Bank Guarantee)ပြုလုပ်၍ ပေးသွင်းရမည် ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း၊ ၀၆၇-၈၀၇၉၁၃၅၊ ၀၆၇-၈၀၇၉၄၁၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်နှင့် တင်ဒါတင်သွင်းရန်လိပ်စာ**
**စက်ပစ္စည်းများဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**နေပြည်တော်(တပ်ကုန်း)**
**ဖုန်း၊ ၀၆၇-၈၀၇၉၁၃၅၊ ၀၆၇-၈၀၇၉၄၁၁**


## တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

ထားဝယ် မေ ၄

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဆွမ်း/ကွမ်းခက်ခဲသည့် ဘုန်းတော်ကြီး ကျောင်းများသို့ ထောက်ပံ့လှူဒါန်းလျက်ရှိသည်။ ထိုသို့ လှူဒါန်းရာတွင် မေ ၄ ရက်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြိတ်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်



သီတာခိုင်နှင့် ဝန်ထမ်းများက မိဘဂုဏ်ရည်သီလရှင် စာသင်တိုက်သို့ ဆွမ်းဆန်တော် ငါးအိတ်၊ ဆီ ၁၀ ပိဿာ၊ ကုလားပဲ ၁၀ ပိဿာ တို့ကိုလှူဒါန်းခဲ့ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

# အသိပေးကြေညာချက်

ရက်စွဲ၊ ၄-၄-၂၀၂၃

၂၀၂၃ခုနှစ်၊ ဧပြီလအတွင်း ကျရောက်မည့် မဟာသင်္ကြန်ကာလ ရုံးပိတ်ရက်များအတွင်း ကုန်သွယ်ရေးဦးစီးဌာန၊ ရုံးချုပ်မှ လိုင်စင်ထုတ်ပေးခြင်း၊ QR Code ခွင့်ပြုထုတ်ပေးခြင်း စသည့် ရုံးလုပ်ငန်းများ အချိန်အဟုန်မပြတ် ဆောင်ရွက်နိုင်ရန်အတွက် ဝန်ထမ်းများ တာဝန်ချဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

ကုန်သွယ်ရေးဇုန်၊ နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ပို့ကုန်သွင်းကုန်ရုံးများ အနေဖြင့်လည်း သင်္ကြန်ကာလအတွင်း ရုံးလုပ်ငန်းများ အချိန်အဟုန်မပြတ်စေရေး အတွက် ပိတ်ရက်မရှိ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊ ရွှေယင်းမာ(၅)လမ်း၊ မြေကွက်အမှတ်(၉၉၀)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဒေါ်တင်မိုးအေး (၆/မအရ (နိုင်) ၀၂၄၇၁၅) အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်တင်မိုးအေး (၆/မအရ (နိုင်) ၀၂၄၇၁၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက် ကန့်ကွက် နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |
| Hein Htet San Law Firm | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆ |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ နံ့သာမြိုင်လမ်း၊ မြေကွက်အမှတ်(၁၂၈)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဒေါ်သန်းသန်းရီ (၁၂/ကမရ (နိုင်) ၀၂၇၂၀၀) အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်သူဇာ (၁၂/မဂဒ (နိုင်) ၀၀၀၇၇၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |
| Hein Htet San Law Firm | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆ |

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ပေါင်းတည်မြို့၊ မြို့မ အထက ကျောင်း၊ Grade-9 ဖြေဆိုထားသူ မကေခိုင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးရွှေဝင်း ၇/နတလ(နိုင်)၀၇၇၄၁၇ ဖြစ်ပါကြောင်း။

**ဦးရွှေဝင်း**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(ခွဲ) Grade-3 မှ မောင်မွေးလျှံရှန်း ကျောင်းဝင်အမှတ်(၀၂၃)၏ ဖခင်အမည်မှန်မှာ ဦးလားအင်းမွန် ၅/ကလထ(နိုင်) ၁၈၇၄၀၉ ဖြစ်ပါကြောင်း။

**ဦးလားအင်းမွန်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂)၊ မြေကွက်အမှတ် (၂၄၄)၊ ပေ (၄၀x၆၀)ရှိ မြေချပါမစ်အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးလှသောင်း အမည်ပေါက် မြေချပါမစ်မူရင်းဖြင့် လက်ရှိပိုင်ဆိုင်ထားသူ ဦးမြင့်ကိုကို ၁၂/ဒဂမ(နိုင်)၀၀၈၅၁၁မှ ၎င်းလက်ရှိပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ မြေချပါမစ်မူရင်းဖြင့် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဝယ်ယူသူ ဒေါ်သင်းသင်းရှိန်၏ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးသိန်းထူး LL.B | ဦးဇော်မိုးလွင် LL.B |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၁၅) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၄) |

ရုံး-ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မ၀တ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၄၄၄၃၅၃၅၃၊ ၀၉-၂၅၆၂၈၆၃၉၁

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအဆင့်၊ ဇုန်(B)၊ တိုက်အမှတ်(B-5)၊ အခန်းအမှတ်(616)၊ Type(A)၊ Area(1261) sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကျော်လင်း ၁၂/ကတတ(နိုင်) ၀၀၂၂၃၂၊ ဒေါ်စိုးမြတ်မူ ၁၂/ကတတ (နိုင်) ၀၂၅၄၀၆ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်တော့်ထံသို့ ခိုင်လုံသောစာချုပ် စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးဝေလင်းကျော် ၁၃/တတန(နိုင်)၀၉၂၉၃၀**
**ဖုန်း-၀၉-၅၂၅၃၀၀၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/33709 ယာဉ်လက်ဝယ်ရှိသူ EverOk Co., Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရမည်းသင်း)**

## ပျောက်ဆုံးကြောင်း

